ဘုရားသခင်သည် လူစီဖာအားသူဆုံးဖြတ်သည့်အတိုင်းပြုတော်မူသည်။ အကြောင်းမှာ သူသည် ချစ်ခြင်းမေတ္တာရှိသောကြောင့်ဖြစ်ပြီး၊ သူသည် ချစ်ခြင်းမေတ္တာပညတ်ဖြင့် သူ၏နိုင်ငံတော်ကို အုပ်စိုးတော်မူသောကြောင့်ဖြစ်သည်။ သူသည် စက်ရုပ်များကို မဖန်ဆင်းပါ။ သူ့ကိုချစ်ခင်ပြီး အမှုတော်ထမ်းရွက်ရန် သို့မဟုတ် မိမိတို့၏ကိုယ်ပိုင်လမ်းကို ရွေးချယ်နိုင်သော သက်ရှိများကို ဖန်ဆင်းတော်မူသည်။ လူ

စီဖာ၏လှည့်စားသော စကားလုံးများနှင့် လုပ်ရပ်များသည် ကောင်းကင်တမန်အားလုံး၏ သုံးပုံတစ်ပုံကို လှည့်စားခဲ့သည်။ အခြားသုံးပုံနှစ်ပုံသည် ဘုရားသခင်အား သစ္စာရှိသည်။  ကောင်းကင်တမန်ရုပ်များကို အုပ်စုနှစ်စုခွဲပါ။ ၁/၃ နှင့် ၂/၃) ကောင်းကင်ဘုံတွင် စစ်ပွဲစတင်ခဲ့သည်။ ၎င်းသည် မည်သည့်စစ်ပွဲမျိုးဖြစ်သည်ကို ကျွန်ုပ်တို့ အတိအကျမသိကြပါ၊ သို့သော် အဆုံး၌ ဘုရားသခင်သည် စစ်ပွဲကိုအနိုင်ရခဲ့သည်။ အကြောင်းမှာ သူသည် စကြဝဠာရှိ အခြားမည်သူမျှထက် ပို၍ဉာဏ်ပညာနှင့် ပြည့်စုံပြီး ပို၍ခွန်အားဗလပြည့်ဝသောကြောင့်ဖြစ်သည်။လူစီဖာမှာ ဘာဖြစ်သွားသနည်း။ ယေရှာယ ၁၄:၁၂ ကို ဖတ်ပါ။ (သူသည် ကောင်းကင်ဘုံ၌ မနေနိုင်တော့ပါ။ ပစ်ချခြင်းခံရသည်။)

လူစီဖာသည် စာတန်ဖြစ်လာသည်။ ထိုအရာသည် "ရန်သူ" ဟု အဓိပ္ပာယ်ရသည်။ ထိုနေ့သည် ကောင်းကင်ဘုံအတွက် အလွန်ဝမ်းနည်းဖွယ်ရာ နေ့ဖြစ်သည်။ ဘုရားသခင်သည် လူစီဖာကို ကယ်တင်ရန် ဖြစ်နိုင်သမျှအရာအားလုံးကို ပြုတော်မူခဲ့သော်လည်း သူသည် ကယ်တင်ခြင်းနှင့် ခွင့်လွှတ်ခြင်းကို မခံလိုပါ။

**သဘာဝသင်ခန်းစာ - သိုးများ သို့မဟုတ် ဆိတ်များ**

**အဓိကအချက် - ကောင်းသောရွေးချယ်မှုများပြုလုပ်ခြင်း။**

**- ဆိတ်ကို သင်မြင်ဖူးပါသလား? ဘယ်လိုပုံရှိသနည်း။**

**သိုးကိုသင်မြင်ဘူးသလား ၊ဘယ်ပုံရှိသနည်း။**

သိုးများနှင့်ဆိတ်များသည်ကောင်းသောရွေးချယ်မှုများပြုလုပ်ခြင်း အကြောင်း ကျွန်ုပ်တို့အားမည်သို့သင်ပေးနိုင်သနည်း။ (ပုံကိုပြပါ။) သိုးနှင့်ဆိတ်ကို မည်သို့ခွဲခြားသိမည်နည်း။ သတ္တဝါနှစ်ကောင်စလုံးသည်တောင်ကုန်း ထူထပ်သော၊ ကျောက်ဆောင်များသောနေရာများတွင်နေထိုင်ကြသည်။နှစ်ကောင်စလုံးသည်ပြေး

လွှားခုန်ပေါက်ကောင်းသည်။ နှစ်ကောင်စလုံးသည် နွေးထွေးသောအမွေးများဖြင့် ဖုံးလွှမ်းထားသည်။သို့သော် ဆိတ်ထီးတွင် မုတ်ဆိတ်ရှိသည်။ သူ့တွင် ဦးခေါင်း အထက်တွင် V ပုံသဏ္ဍာန်ဖြင့် အပေါ်သို့နှင့် နောက်သို့ ကွေးသော ရှည်လျားသော ဦးချိုများလည်းရှိသည်။ သိုးထီးတွင်မူ ထူထဲပြီး ကွေးကောက်နေသော ဦးချိုများရှိပြီး ၎င်းတို့သည် သူတို့၏နားပတ်လည်တွင် အောက်သို့ခရုပတ်ပုံသဏ္ဍာန် ကြီးထွားသည်။ သိုးမနှင့် ဆိတ်မတို့တွင် ပိုတိုသော ဦးချိုများရှိသည်။သမ္မာကျမ်းခေတ်က၊ လူများသည် ဆိတ်များကို ၎င်းတို့၏အမွေးနှင့် အသားကိုလည်း အသုံးပြုကြသည်။ ဆိတ်များသည် လွတ်လပ်ပြီး မိမိတို့၏လမ်းကို လိုက်ချင်ကြသည်။

သိုးများသည် ပို၍နူးညံ့သိမ်မွေ့စွာပြုမူပြီး ပို၍ပူးပေါင်းဆောင်ရွက်တတ်သည်။ ၎င်းတို့ကို မောင်းနှင်ရန် မလိုဘဲ ၎င်းတို့၏သိုးထိန်းနှင့် နီးကပ်စွာနေထိုင်ကာ သူ၏ဂရုစိုက်မှုကို မှီခိုနေသည်။ ၎င်းတို့သည် မကြာခဏ အိမ်မွေးတိရစ္ဆာန်များ ဖြစ်လာပြီး၎င်းတို့၏သားရေထက်စာလျှင်၎င်းတို့၏သိုးမွေးအတွက်ပို၍တန်ဖိုးထားခြင်းခံရသည်။ သမ္မာကျမ်းစာသည် လူများသည် သိုးများကဲ့သို့ သို့မဟုတ် ဆိတ်များကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။ ဆိတ်များသည် မိမိတို့၏လမ်းကို သွားလိုသော်လည်း၊ သိုးများသည် ယေရှုနောက်ကိုလိုက်ရန် နှစ်သက်ကြသည်။ ယေရှုနောက် တစ်ကြိမ်ကြွလာသောအခါ၊ သူသည် "သိုးကိုဆိတ်နှင့် ခွဲသကဲ့သို့၊ လူတို့ကို တစ်ဦးနှင့်တစ်ဦး ခွဲခွါတော်မူမည်" (မဿဲ ၂၅:၃၂)။ထိုစိတ်လှုပ်ရှားဖွယ်နေ့ရောက်လာသောအခါ ကျွန်ုပ်တို့သည် မှန်ကန်သောသိုးအုပ်ထဲတွင် ရှိနေစေရန် ယခုပင် ယေရှုထံ ကျွန်ုပ်တို့၏ စိတ်နှလုံး များကို ပေးလိုက်ကြစို့။

- ယနေ့သင်ခန်းစာတွင် မည်သူတို့သည် ဆိတ်များနှင့် တူသနည်း။

- မည်သူတို့သည် သိုးများနှင့် တူသနည်း။

# အပတ်စဉ် ၅

# ကျဆုံးခြင်းနှင့်ဂတိတစ်ခု

**အဓိကအချက် ၊** ကျွန်ုပ်တို့မှားယွင်းသော ရွေးချယ်မှုများ ပြုလုပ်မိသည့်အခါတွင်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်အား ချစ်တော်မူဆဲဖြစ်ပြီး ကယ်တင်ရန် အကြံအစည်ရှိတော်မူပါသည်။

## ဤအပတ်စဉ် အသုံးပြုသောစကား

**ဝမ်းနည်းခြင်း (Sorrow)** - ကြီးမားသော ဆုံးရှုံးမှုတစ်ခုကြောင့် ခံစားရသည့် ဝမ်းနည်းမှုဝေဒနာ။

**သမ္မာကျမ်းစာ ပုံပြင်-** ဤပုံပြင်ကိုမျှဝေရန်ပြင်ဆင်သည့်အခါ.အပြည့်အစုံနှင့် အသေးစိတ်ဇာတ်လမ်းအတွက်ကလေးတန်းဉပုသ်ါစာဖြေစာအုပ်ကို ဖတ်ပါ။ ကလေးများ စိတ်ဝင်စားမှု အများဆုံးရစေရန်၊ ပုံပြင်များကို ပြောသောအခါ ကလေးများအား တိုက်ရိုက် ဖတ်ပြခြင်းမပြုပါနှင့်။ ဘုရားသခင်အား ယနေ့ သမ္မာကျမ်းပုံပြင်ကို လူတိုင်းနားလည်နိုင်စေရန် ကူညီပေးပါရန် တောင်းလျှောက်ပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် သမ္မာကျမ်းစာကို မဖတ်မီ၊ ဘုရားသခင်၏အသက်ရှင်သော နှုတ်ကပတ်တော်မှ သွန်သင်ချက်ရယူရန် ဆုတောင်းခြင်း၏ အရေးပါမှုကို သင်ကိုယ်တိုင် စံနမူနာပြနိုင်ပါသည်။

## ပုံပြင်ပြောပြခြင်း

ဧဒင်ဥယျာဉ်တွင် အံ့ဖွယ်အပင် နှစ်ပင် ရှိသည်။ တစ်ပင်၏ အမည်မှာ "အသက်ပင်" ဖြစ်သည်။ ဤအပင်၏ အသီးကိုစားသူမည်သူမဆို ထာဝရအသက်ကိုရရှိမည်။ အခြားအပင်၏အမည်မှာ"ကောင်းမကောင်းသိကျွမ်းရာအပင်" (က၊ ၂:၁၇) ဖြစ်သော်လည်း၊ ဘုရားသခင်သည် အာဒံနှင့်ဧဝကို ဤအပင်၏အသီးကို ဘယ်သောအခါမျှ မစားရန် တားမြစ်တော်မူသည်။ (သဲထဲတွင် အပင်/အကိုင်းနှစ်ခု ပြသပါ။)

ဤအပင်သည် စာတန်သည် ဘုရားသခင်အား ပုန်ကန်ခဲ့ကြောင်း အာဒံနှင့်ဧဝကို သတိပေးနေသော လမ်းညွှန်ဆိုင်းဘုတ်တစ်ခုနှင့်တူသည်။ စာတန်သည် ဘုရားသခင်နှင့် စာတန်၊ ကောင်းမှုနှင့် မကောင်းမှုကြား စစ်ပွဲတစ်ခုကို စတင်ခဲ့သည်။ မကောင်းမှုသည် နာကျင်မှု၊ ဝေဒနာနှင့် သေခြင်းကို ဖြစ်စေသည်ကို ဘုရားသခင်သည် သူတို့ သိစေလိုခြင်း မရှိပါ။ သို့သော် သူသည် သူတို့အား ရွေးချယ်ခွင့် ပေးထားတော်မူသည်။ဘုရားသခင်က ဤအပင်၏အသီးကို စားမိပါက သေရမည်ဟု သူတို့အားမိန့်တော်မူသည်။ ထို့အပြင် စာတန်သည် သူတို့အား အပြစ်ပြုရန် သွေးဆောင်လိမ့်မည်ဟု သတိပေးရန် ကောင်းကင်တမန်များကိုလည်း စေလွှတ်တော်မူသည်။ သူတို့သည် ဤအပင်၏အနီးသို့ မချဉ်းကပ်ရန် လိုအပ်သည်။တစ်နေ့တွင် ဧဝသည် တားမြစ်ထားသော အပင်၏ အနီးသို့ ရောက်ရှိသွားပြီး လှပသော အတောင်ပံရှိ မြွေတစ်ကောင်နှင့် မျက်နှာချင်းဆိုင်တွေ့သည်။ ရုတ်တရက် ထိုမြွေသည် အလွန်ချိုမြိန်သော အသံဖြင့် စကားစပြောလာသည်။ ထိုမြွေသည် စာတန်ပင်ဖြစ်သည်။ (ရွှံ့ဖြင့်ပြုလုပ်ထားသော မြွေပုံစံ ပြသပါ။)

ထိုမြွေက ဧဝအား မည်သည့်မုသားစကားများ ပြောခဲ့သနည်း။ (က၊ ၃:၄၊၅) ကိုဖတ်ပါ။ ("သင်တို့ ကေန်အမှန် မသေရ၊ "သင်တို့သည် ဘုရားသခင် ကဲ့သို့ ဖြစ်ကြ

လိမ့်မည်")ထိုမုသားစကားများသည် ဧဝကို စိတ်ရှုပ်ထွေးစေသော်လည်း ထိုအသံသည် ကြားရသည်မှာကောင်းနေသည်။ သူမမှာ ရွေးချယ်မှုရန် ဖြစ်သည်။ သူမသည် စာတန်ပေးသော အသီးကိုယူပြီး ကိုက်စားလိုက်သည်။ ထိုအသီးသည် အရည်ရွှမ်းပြီး ချိုမြိန်သည်။ သူမသည်အာဒံအတွက်ထပ်ယူပြီးသူ့အား စားခိုင်းသည်။ အာဒံသည်လည်း စားလိုက်သည်။အသီး၏အရသာသည် ကြာရှည်ခံခြင်းမရှိခဲ့ပါ။ မိမိတို့၏ ရွေးချယ်မှုသည် အပြစ်ဖြစ်ကြောင်း၊ ယုံကြည်မှုမရှိခြင်းသည် ဘုရားသခင်အား စော်ကားခြင်းဖြစ်ကြောင်း သိရှိလိုက်ရသည့်အခါ အာဒံနှင့်ဧဝ၏ မျက်လုံးများမှ မျက်ရည်များ ယိုကျလာပြီး နှလုံးသားထဲတွင် ပြင်းထန်သော ဝမ်းနည်းကြေကွဲမှုကို ခံစားလိုက်ရသည်။ သူတို့၏ ရွေးချယ်မှုသည် သူတို့ကို အတွင်းမှပင် ပြောင်းလဲစေခဲ့သည်။

မျက်ရည်များကို သူတို့ သုတ်လိုက်ကြသည်။ ဘုရားသခင်၏ နူးညံ့သော အလင်းတော်သည် သူတို့ခန္ဓာကိုယ်များမှ ပျောက်ကွယ်သွားကြောင်း သတိထားမိကြသည်။ သူတို့သည် အပြစ်ရှိသည်ဟု ခံစားရပြီး၊ အထီးကျန်ဆန်ကာ၊ အေးစက်ပြီး၊ အဝတ်ဗလာနှင့် ရှိနေသည်ဟု ခံစားရသည်။ သူတို့သည် သဖန်းရွက်များကိုယူပြီး ကိုယ်ကို ဖုံးအုပ်ရန် ကြိုးစားကြသည်။ဤနေ့သည် ဝမ်းနည်းဖွယ်ရွေးချယ်မှုများဖြင့် ပြည့်နေသော နေ့ရက်တစ်ရက် ဖြစ်ခဲ့သည်။ ဇာတ်လမ်းထဲက ဖြစ်ရပ်များကို ဆွေးနွေးရန် (မှတ်ချက် - အောက်ပါလှုပ်ရှားမှုကို မိနစ်ငါးမိနစ်ထက် မပိုစေပါနှင့်)

**ဆွေးနွေးခြင်း**

• ဘုရားသခင်သည် ကောင်းမကောင်းသိကျွမ်းရာအပင်ကို ဥယျာဉ်ထဲတွင် အဘယ်ကြောင့် ထားရှိခဲ့သနည်း။ (ဤအဆင့်တွင် ကလေးများ၏အဖြေကို နားထောင်ပေးပါ။)

**မှတ်ချက် -** "ဘုရားသခင်သည် အပင်ကို ခြံရံမထားရှိခဲ့သည်မှာ အဘယ်ကြောင့်နည်း"၊ "အသီးကို မစားမိအောင် ကာကွယ်၍ မရနိုင်ဘူးလား"၊ "အပင်ကို ထားရှိခြင်းသည် မတရားပါ" စသည့် အကြံပြုချက်များ ကြားရနိုင်သည်။ သူတို့၏ အတွေးများကို အသိအမှတ်ပြုပြီး ရီမုတ်ကွန်ထရိုးဖြင့် မောင်းနှင်ရသော ကားငယ်ကလေးသည် ဘုရားသခင် အဘယ်ကြောင့် ထိုအပင်ကို ထားရှိခဲ့သည်ကို နားလည်ရန် ကူညီပေးနိုင်ကြောင်း ရှင်းပြပါ။

**လက်တွေ့လုပ်ဆောင်ခြင်း** ၊ရီမုတ်ကွန်ထရိုးဖြင့် မောင်းနှင်ရသော ယာဉ်ငယ်ကို မောင်းနှင်ပြပါ။ ဤယာဉ်သည် မိမိသဘောအတိုင်း သွားလာနိုင်ပါသလား။ (မနိုင်ပါ) ကလေးများကို စုံတွဲဖွဲ့စေပြီး တစ်ဦးက "ရီမုတ်ကွန်ထရိုလာ" အဖြစ်၊ အခြားတစ်ဦးက "စက်ရုပ်" အဖြစ် သရုပ်ဆောင်စေပါ (ဥပမာ - ရှေ့သို့၊ ဘယ်၊ ညာ၊ ရပ် စသည်ဖြင့် ညွှန်ကြားခိုင်းသည်)။

• ဤသို့ တစ်စုံတစ်ယောက်၏ ထိန်းချုပ်မှုကို အမြဲခံစားနေရသည်ဟု ခံစားရပါသလား။

• သင့်မိဘများ သို့မဟုတ် တစ်စုံတစ်ယောက်သည် သင့်အား သူတို့ကို ချစ်ခိုင်း နိုင်မည်ဟု ထင်ပါသလား။ (မနိုင်ပါ။ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့အား ချစ်ခိုင်း၍ မရနိုင်ပါ။)

**သင်ကြားရန်အချက်** - ဘုရားသခင်သည် ကျွန်ုပ်တို့အား စက်ရုပ်များကဲ့သို့ ဖန်ဆင်းနိုင်တော်မူသည်။ ရွေးချယ်ခွင့်ပေးမည့်အစား သူ့ကိုချစ်ရန် ကျွန်ုပ်တို့အား အတင်းအကျပ် ပြုနိုင်တော်မူသည်။ သို့သော် ရွေးချယ်ခွင့်သည် အလွန်အရေးကြီးသောကြောင့်၊ သူသည် ဥယျာဉ်ထဲတွင် "ရွေးချယ်မှုအပင်" ကို ထားရှိခဲ့ခြင်း ဖြစ်သည်။ အာဒံနှင့်ဧဝသည် ဥယျာဉ်ထဲရှိ ဘုရားသခင်၏ ခြေသံကိုကြားကြသည်။ အပြစ်ရှိမှု၊ ကြောက်ရွံ့မှုနှင့် ရှက်ကြောက်မှုတို့သည် သူတို့ကို ပြေးဝင်ပုန်းအောင်းစေသည်။ ဘုရားသခင်သည် သူတို့၏ခံစားချက်ကို သိရှိတော်မူပြီး သူတို့ရှိရာကိုလည်း သိတော်မူသည်။ သူသည် အာဒံအား "သင်သည် အဘယ်မှာရှိသနည်း" (က၊ ၃:၉) ဟု ကျေးဇူးတော်နှင့် ခေါ်တော်မူသည်။အာဒံသည် ခေါင်းကို ရုတ်တရက် မော့လိုက်သည်။ ဘုရားသခင်သည် သူတို့နှင့် ဆက်လက်ရှိနေလိုသေးသလား။ သူတို့သည် ပုန်းအောင်းရာမှ ထွက်လာပြီး သူတို့၏ဘုရားသခင်ကို ကြည့်ကြသည်။ ဘုရားသခင်သည် မေတ္တာနှင့် ဝမ်းနည်းခြင်းတို့ဖြင့် သူတို့အား ကြည့်တော်မူသည်။ သူတို့သည် ဘုရားသခင်အား မယုံကြည်ခြင်းဖြင့် ထိခိုက်စေခဲ့သော်လည်း၊ ဘုရားသခင်သည် သူတို့ကို ချစ်တော်မူဆဲဖြစ်ပြီး အစဉ်အမြဲ ချစ်တော်မူမည်ဖြစ်သည်။ဝမ်းနည်းစရာကောင်းသော်လည်း နူးညံ့သောအသံဖြင့် ဘုရားသခင်သည် အာဒံနှင့်ဧဝအား ဘဝပြောင်းလဲသွားမည်ကို မိန့်တော်မူသည်။ သူတို့၏မနာခံသော ရွေးချယ်မှုတွင် အကျိုးဆက်များ ရှိသည်။ စားဝတ်နေရေးတွင်လုပ်ကိုင်အားခက်ခဲခြင်း၊ နာကျင်ခြင်းနှင့် သေခြင်းတို့ ရှိလိမ့်မည်။

သူတို့သည် လှပသော ဥယျာဉ်ခြံအိမ် ဒေင်မှလည်း ထွက်ခွာသွားကြရမည်။ အဘယ်ကြောင့်နည်း။ (က၊ ၃:၂၂၊၂၃) ကိုဖတ်ပါ။ (အကယ်၍ သူတို့သည် အသက်ပင်၏ အသီးကိုစားမိပါက အပြစ်သားများအဖြစ် ထာဝရရှင်သန်နေရမည်။ ထိုသို့ဖြစ်ပါက ဆိုးရွားလှပေမည်။ သို့သော် ဘုရားသခင်သည် သူတို့အား ဘယ်သောအခါမျှ

မစွန့်ခွာတော်မူ။ထို့အပြင် ဘုရားသခင်သည် အပြစ်ကိုအောင်နိုင်ခွင့်ပေးတော်မမူ။ သူတို့ကိုကယ်တင်ရန်နှင့် မကောင်းမှုအားလုံးကို ထာဝစဉ်ဖျက်ဆီးရန် တစ်စုံတစ်ဦးကို စေလွှတ်မည်ဟု ကတိတော်ပြုတော်မူသည်။ အာဒံနှင့်ဧဝသည် မိမိတို့ အမှားကြီးတစ်ခုပြုမိသော်လည်း ဘုရားသခင်တွင် ပြန်လည်ပြင်ဆင်နိုင်သော နည်းလမ်းရှိကြောင်းသိရန်လိုအပ်သည်။ ကောင်းကင်ဘုံ၌ ယေရှုသည် ခမည်းတော်အား "ပြစ်ဒဏ်ကိုကျွန်ုပ်အပေါ်၌ကျရောက်ပါစေ။ ကျွန်ုပ်သည်လူသား၏နေရာ၌ရပ်တည်၍နောက်ထပ်အခွင့်အရေးတစ်ရပ်ကို ရရှိနိုင်ရန်ဖြစ်သည်။" (Ellen G. White, The Faith I Live By, p. 75)

ခမည်းတော် ဘုရားသခင်သည် သားတော်ကို လူသားအားလုံး၏နေရာ၌ ရပ်တည်ကာ သူတို့၏အပြစ်များအတွက် အသေခံရန် ဤကမ္ဘာသို့ စေလွှတ်တော်မူမည်။ ဤသည်ပင်လျှင် အကြံအစည်တော်နှင့် ကတိတော်ဖြစ်လာသည်။ (ယောဟန် ၃:၁၆) ကိုဖတ်ပါ။ (ဘုရားသခင်သည် ကျွန်ုပ်တို့အား ထာဝရအသက်ရစေရန်မိမိ၌ သားတော်ကို စွန့်တော်မူခဲ့သည်။)အာဒံနှင့်ဧဝ အပြစ်ပြုခဲ့သောအခါ၊ အကျိုးဆက်များကို လူအားလုံးထံသို့ လွှဲပြောင်းပေးခဲ့သဖြင့် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ အကြံအစည်တော်ကို လိုအပ်ကြသည်။ ယေရှု၏အသေခံတော်မူခြင်းကြောင့်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်များ ခွင့်လွှတ်ခြင်းနှင့် နေ့တစ်နေ့၌ ကိုယ်တော်နှင့်အတူ ထာဝရနေထိုင်ရမည်ဟူသော ကတိတော်ကို ရရှိကြသည်။

## ပုံပြင် - ယေရှုကိုရွေးချယ်ခြင်း

**အဓိကအချက်၊** ယေရှုအကြောင်းကိုသိရှိပြီး ဘုရားကျောင်းများရှိ ရုပ်တုဘုရားများအစား ယေရှုကို ကိုးကွယ်ရန် ရွေးချယ်ခြင်း။

**တည်နေရာ၊** ကလေးတစ်ဦးအားကမ္ဘာလုံးဖြင့် သို့မဟုတ် ကမ္ဘာမြေပုံပေါ်တွင် အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်းကို ရှာဖွေပြရန် ကူညီပါ။

ဟာဒပ်ဆာသည်ကျောင်းသစ်တက်ရမည်ကိုစိုးရိမ်ပူပန်နေခဲ့သည်။ကျောင်းအသစ်ကလေးတွေက ငါ့ကိုမကြိုက်ရင်ဘယ်လိုလဲ။ ဆရာတွေက ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်မလဲ။အတန်းဖော်တွေက ငါ့ကိုခေါ်ပါ့မလားဟု သူမကိုယ်သူမ တွေးမိနေခဲ့သည်။ ဟာဒပ်ဆာ၏မိဘများသည် ခရစ်ယာန်များမဟုတ်ကြသော်လည်း၊ သူမအား အင်္ဂလိပ်စာသင်ယူစေလိုသောဆန္ဒဖြင့် အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်းရှိ အက်ဗင်တိစ်ကျောင်းတွင်စာရင်းသွင်းခဲ့ကြသည်။ သူတို့က "သတိထားပါ! ထိုခရစ်ယာန်များက သူတို့၏ဘုရားအကြောင်း ပြောသမျှကို မနားထောင်နဲ့! မေမေတို့ ဘုရားကျောင်းမှ ကိုးကွယ်တဲ့ ဘုရားများကိုဘဲ သတိရပါ!" ဟု သတိပေးခဲ့ကြသည်။ဟာဒပ်ဆာသည် မိဘများ၏စကားကို နာခံရန် ကြိုးစားခဲ့သော်လည်း၊ ဆရာများက ယေရှုအကြောင်း ပုံပြင်များကို ပြောပြလာသောအခါသူမသည်ထိုဘက်သို့ ဆွဲဆောင်ခံရသည်ကို ခံစားရသည်။ ဤကမ္ဘာကြီးနှင့် စကြဝဠာအားလုံးကို ဖန်ဆင်းတော်မူသော ဤ ဘုရားသခင်သည် ကျွန်မကို မည်သို့ချစ်နိုင်မည်နည်းဟု သူမကိုယ်သူမ တွေးတောမိနေခဲ့သည်။ သူမ၏မိသားစုကိုးကွယ်သော ဘုရားများသည် သူမကိုချစ်သည်ဟု သူမမခံစားရပေ။ ဟာဒပ်ဆာသည် ကျောင်းသစ်ရှိ သမ္မာကျမ်းစာသင်တန်းတွင် ပိုမိုနားထောင်လာရသည်နှင့်အမျှ၊ ယေရှုသည် တစ်ခုတည်းသော အမှန်တရား ဘုရားဖြစ်ပြီး သူမသည် ကိုယ်တော်ကိုချစ်ကြောင်း သိရှိလာခဲ့သည်။ သူမသည်ယေရှုကို မိမိ၏ကယ်တင်ရှင်အဖြစ် လက်ခံခဲ့သော်လည်း မိဘများအား မပြောပြနိုင်ခဲ့ပေ။ အကယ်၍ သူမသည် မိသားစုဘုရားများ၏ ဘုရားကိုကိုးကွယ်ခြင်း ရပ်တန့်လိုက်ကြောင်းသူတို့သိရှိပါက၊ဟာဒပ်ဆာကိုကျောင်းမှထုတ်လိုက်ဖွယ်ရှိသည်။ ထို့နောက်

သူမသည်အခြားကျောင်းတစ်ကျောင်းသို့ သွားရောက်တက်ရောက်ရမည့် အခြေ အနေရှိနေသည်။

ဟာဒပ်ဆာသည် သူမ၏မိဘများသည် သူမ၏ဘဝပြောင်းလဲမှုကိုတွေ့မြင်ပြီး နေ့တစ်နေ့၌ ယေရှုနောက်ကို လိုက်စေခြင်းငှာ သူမ၏ဆုံးဖြတ်ချက်ကို လက်ခံကြမည်ဟု ဆုတောင်းနေသည်။ ဟာဒပ်ဆာက "အခြားကလေးများလည်းဘဲ သူ့လို ယေရှုနောက်ကိုလိုက်ရန်ရွေးချယ်ကြပြီးယေရှုပြန်ကြွလာသောအခါအဆင်သင့်ဖြစ်ကြမည်ဟု မျှော်လင့်ပါတယ်။ သင့်အား မည်သည့်ဖြားယောင်းသွေးဆောင်မှုမဆို ရောက်ရှိလာပါစေ၊အချိန်မဆိုင်းဘဲ ယေရှုထံသို့ သင့်အသက်တာကို အပ်နှံလိုက်ပါ" ဟု ပြောကြားခဲ့သည်။ ဟာဒပ်ဆာသည် ကောင်းသောအကြံပေးချက်ကို ပေးခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးစီအား ယေရှုကိုရွေးချယ်ခွင့် လွတ်လပ်ခွင့်ကို ပေးသနားတော်မူသည်။လွယ်ကူသောအခြေအနေမဟုတ်သော်လည်း ယေရှုကိုလိုက်ရန် ရွေးချယ်ခဲ့ကြသော ဟာဒပ်ဆာကဲ့သို့သော ကလေးများအတွက် ဆုတောင်းပေးကြရအောင်။ မေးရန်ဆွေးနွေးရန် ဟာဒပ်ဆာသည် ဤအပတ်သင်ခန်းစာပုံပြင်ထဲက အာဒံနှင့် ဧဝ နှင့် မည်သို့ကွာခြားသနည်း။

**--00--**

## အပတ်စဉ် (၆)

## ကာဣနနှင့် အာဗေလ

အဓိကအချက် ၊ကျွန်ုပ်တို့၏ဘုရားသခင်အားမည်မျှ ချစ်ကြောင်းကိုသူ၏ စကားနားထောင်ခြင်းနှင့် နာခံခြင်းဖြင့် သိတော်မူသည်။ ဤအပတ်စကားလုံး၊ ကောင်းမြတ်ခြင်း (Mercy) - တစ်စုံတစ်ဦးသည် ထိုက်တန်ခြင်းမရှိသည့်အခါ၊ မျှော်

လင့်မထားသည့်အခါ၊ သို့မဟုတ် သင်ကသူတို့ထက် ပိုမိုစွမ်းအားရှိသည့်အခါ ကြင်နာစွာဆက်ဆံခြင်းနှင့် ခွင့်လွှတ်ခြင်း။ ကောင်းမြတ်ခြင်း (Mercy) ဆိုသည်မှာ တစ်စုံတစ်ဦး အမှားပြုမိသောအခါ သူတို့ခံစားထိုက်သောပြစ်ဒဏ်ကိုပေးမည့်အစား ကြင်နာစွာဆက်ဆံခြင်းနှင့် ခွင့်လွှတ်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏လူမျိုးတော်အား အဆက်မပြတ် ကျေးဇူးတော်ကို ပြသလျက်ရှိသည်။

ဘုရားသခင်၏ အသက်ရှင်သော နှုတ်ကပတ်တော်မှ ယနေ့သမ္မာကျမ်းပုံပြင်ကို လူတိုင်းနားလည်နိုင်ရန် ဘုရားသခင်ကိုဆုတောင်းပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် သမ္မာကျမ်းစာကိုမဖတ်မီ ဘုရားသခင်ထံဆုတောင်းကာ သူ၏နှုတ်ကပတ်တော်မှ သွန်သင်ခြင်းခံရန် အရေးကြီးပုံကို သင်သည် နမူနာပြပေးလိမ့်မည်။ ပုံပြင်ကို ပြောပြပါ၊ ကမ္ဘာပေါ်တွင်ပထမဆုံးကလေးငယ် မွေးဖွားလာခဲ့သည်။ အာဒံနှင့်ဧဝတို့သည် ချစ်စနိုးဖြင့် သူ့ကိုပွေ့ဖက်ထားကြသည်။ သူတို့သည် ချစ်စရာကောင်းသော သားလေးအား ကာဣန အမည်ပေးခဲ့ကြသည်။ (ကလေးအရုပ်များပြပါ)မကြာမီ ကလေးအာဗေလသည် မိသားစုထဲသို့ ရောက်ရှိလာခဲ့သည်။ သူတို့သည် ကျန်းမာ သန်စွမ်းသောကလေးများအဖြစ် ကြီးပြင်းလာကြသည်။ ကာဣနသည် ဥယျာဉ်မှူး တစ်ဦးဖြစ်လာပြီး အာဗေလသည်သိုးများကိုထိန်းကျောင်းသူဖြစ်လာခဲ့သည်။ အာဒံသည် သူ၏သားများအား ဘုရားသခင်အကြောင်း သွန်သင်ခဲ့သည်၊ဘုရားသခင် ကိုယ်တိုင် မိသားစုမှ သင်တို့အား သင်ကြားပေးစေလိုသည့်ပုံစံအတိုင်းပင်ဖြစ်သည်။ အာဒံ၏ သားများ သည်ဒေင်ဥယျာဉ်၊ ပထမဆုံးဥပုသ်နေ့နှင့် ဘုရားသခင်နှင့်မျက်နှာချင်းဆိုင် စကားပြောခြင်းကြောင်းကိုသင်ယူခဲ့ကြသည်။ ဘုရားသခင်သည် သူတို့အား အလွန်ချစ်မြတ်နိုးကြောင်းနှင့် ဘုရားသခင်အား ပြန်လည်ချစ်ခြင်းနည်းလမ်းကို လည်း သင်ယူခဲ့ကြသည်။

အာဒံသည် ကာဣနနှင့် အာဗေလတို့ကို စုံလင်ပြည့်စုံသော သိုးကလေး ငယ်တစ်ကောင် သိုးအုပ်ထဲမှ အလှပဆုံးသိုးကလေးကို ရှာဖွေရန် ခေါ်ဆောင်သွားခဲ့ သည်။ အာဒံသည် ဤသိုးကလေးသည် ဘုရားသခင်၏သား၊ ယေရှုကိုသတိရစေ သောသင်္ကေတဖြစ်ကြောင်း၊ယေရှုသည်သူတို့၏အပြစ်များအတွက်အသေခံမည့်အ ရှင်ဖြစ်ကြောင်း မျှဝေခဲ့သည်။

**သိုးကလေးသည် ယေရှုကို အဘယ်ကြောင့် သတိရစေသနည်း။** ယောဟန် ၁:၂၉ ကို ဖတ်ပါ။ (ယောဟန်သည် ယေရှုအား ဘုရားသခင်၏ သိုးသငယ်ဟုခေါ်ဆိုခဲ့သည်။) ထို့နောက် သိုးကလေးကို ကျောက်ပလ္လင်ပေါ်တွင် ယဇ်ပူဇော်ခဲ့ကြသည်။ မိသားစုဝင် များသည် မိမိတို့၏အပြစ်များအတွက် ဝန်ချတောင်းပန်ကာ ဘုရားသခင်၏ ကရုဏာ တော်ကို တောင်းခံကြသည်။ ထိုယဇ်ပူဇော်ခြင်းသည် သူတို့သည် အပြစ်သားများ ဖြစ်ပြီး မိမိတို့အစား အသေခံမည့် ကယ်တင်ရှင်ကို လိုအပ်ကြောင်း ဝမ်းနည်းဖွယ် သတိရစေခြင်းဖြစ်သည်။ (သိုးသငယ်၊ သေတ္တာပလ္လင်၊ မီး)ကောင်းကင်မှ မီးတောက် များသည် သိုးကလေးယဇ်ကို လောင်ကျွမ်းစေရန် ဆင်းသက်လာခဲ့သည်။ ဘုရား သခင်သည် ကျေးဇူးတင်ကြောင်း ပြောနေခြင်းဖြစ်သည်။ ထို့ကြောင့် ဝမ်းနည်းခြင်း အတွင်း၌ပင် မိသားစုသည် ဘုရားသခင်၏ ကြီးမားသောမေတ္တာနှင့် ကရုဏာတော် ကို မြင်တွေ့ခဲ့ရသည်။ အာဗေလသည် ဘုရားသခင်အား အလွန်ချစ်မြတ်နိုးသော ခွန်အားဗလပြည့်ဝသည့် လူငယ်တစ်ဦးအဖြစ် ကြီးပြင်းလာခဲ့သည်။ သူသည် ဘုရား သခင်၏ ညွှန်ကြားချက်ကို ဝမ်းမြောက်စွာနှင့် လိုက်နာကာ သိုးသငယ်ကို ယဇ်ပူဇော် ခဲ့သည်။ ဘုရားသခင်သည် အာဗေလ၏ ယဇ်ကို လက်ခံတော်မူခဲ့သည်။

ကာဣနမူကားဒေါသကြီးပြီး အတ္တကြီးသူအဖြစ် ကြီးပြင်းလာခဲ့သည်။ သူ သည် ဘုရားသခင်အပေါ်တွင်ပင် ဒေါသထွက်နေခဲ့သည်။ တစ်နေ့တွင် သူသည် မာန

ထောင်းလှ္သားကာ ယဇ်ပူဇော်ရန် သိုးသငယ်ကို မယူလာဘဲ မည်သည့်အရာကိုယူလာသနည်း။ ကာဣနသည် ဘုရားသခင်အား အဘယ်အရာကို ဆက်သခဲ့သနည်း။ ကမ္ဘာဦးကျမ်း ၄:၃ ကိုဖတ်ပါ။ (သူစိုက်ပျိုးခဲ့သော သစ်သီးဝလံများနှင့် ဟင်းသီး ဟင်းရွက်များ)ကာဣနသည်သူ့ကိုယ်ပိုင်နည်းလမ်းဖြင့်ပြုလုပ်နိုင်မည်ဟုထင်မှတ်ခဲ့သည်။ ဤအရာမှာသူကိုယ်တိုင်စိုက်ပျိုးခဲ့သော သစ်သီးဝလံများပင် ဖြစ်သည်။ (ပလ္လင်ပေါ်ရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကိုပြပါ။)ကောင်းကင်မှ မီးမကျခဲ့ပေ။ ဘုရားသခင်သည် ကာဣန၏ ယဇ်ကို လက်မခံနိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်ယင်းသည် ဘုရားသခင်တောင်းဆိုထားသောအရာ မဟုတ်သောကြောင့်ဖြစ်သည်။ ထိုယဇ်သည် ယေရှုသည် ငါတို့အတွက် အဘယ်အရာပြုလုပ်မည်ကို ကိုယ်စားမပြုနိုင်သောကြောင့်ဖြစ်သည်။ အရေးကြီးသောအရာတစ်ခုကို စဉ်းစားကြည့်ရန် (မှတ်ချက်- အောက်ပါလှုပ်ရှားမှုကို ငါးမိနစ်ထက် ပိုကြာအောင် မလုပ်ပါနှင့်။) သိုးသငယ်ရှာပုံတော် ကလေးများအား ယဇ်ပူဇော်ရန် အစုံလင်ဆုံးသိုးသငယ်ကို "လယ်ကွင်းထဲသို့သွား၍" ရှာဖွေရန် ညွှန်ကြားပါ။ အခန်းအတွင်းရှိ သိုးသငယ်ကတ်ပြား ၁၂ခုကို ရှာဖွေပြီး အကောင်းဆုံးသိုးသငယ်ကို အတူတကွ ဆုံးဖြတ်ရွေးချယ်စေပါ။

**ဆွေးနွေးမှု**

အဘယ်ကြောင့် စုံလင်ပြည့်စုံသော သိုးသငယ်တစ်ကောင်ကို ရွေးချယ်ရသည်ဟု သင်ထင်ပါသနည်း။ (သိုးသငယ်သည် ယေရှုကို ကိုယ်စားပြုသည်၊ ယေရှုသည် တစ်နေ့တွင် အသေခံမည်ဖြစ်သည်။ ယေရှုသည် အပြစ်မပြုမူဖူးသောကြောင့် စုံလင်ပြည့်စုံသည်၊ အပြစ်သားများကို ကယ်တင်ရန် အသေခံနိုင်သူ တစ်ဦးတည်းသ ဖြစ်သည်။ယဇ်ပလ္လင်ဆောက်ပြီး သိုးသငယ်ကို ယဇ်ပူဇော်သည့်အခါ ဘုရားသခင်သည်

လူများအား အဘယ်အရာကို သတိရစေလိုသနည်း။ သင်၏ သေတ္တာပလ္လင်၏ ဘေးလေးဘက်တွင်ရေးထားသော သတင်းစကားများကို ဖတ်ပါ။

**သင်ကြားရေးအချက်**၊ဘုရားသခင်သည်ဤအရေးကြီးသောအရာများကိုသတိရစေရန်သိုးသငယ်ယဇ်ပူဇော်ခြင်းကို အသုံးပြုလိုသည်။ ဤအရာများသည် မေ့လျော့ဖို့သိပ်အရေးကြီးသည်။ ကာဣန်သည် ဒေါသထွက်နေခဲ့သည်။ ဘုရားသခင်၏မီးသည် အာဗေလ၏ သိုးသငယ်ယဇ်ကို လောင်ကျွမ်းစေခဲ့သော်လည်း ကာဣန၏ သစ်သီးဝလံများကို မလောင်ကျွမ်းစေခဲ့ပေ။ အာဗေလသည် မိမိ၏ညီအား မှန်ကန်သောအရာကို လုပ်ရန် ရွေးချယ်ဖို့ အားပေးတိုက်တွန်းခဲ့သည်။ သို့ရာတွင် ကာဣန်သည် နားမထောင်ခဲ့ပေ။ဘုရားသခင်သည်လည်း ကာဣနအား စကားပြောရန် ကြိုးစားခဲ့သည်။ အပြစ်သည် သူ့အား ဧကန်မုချ ထိခိုက်စေမည်။ ပြီးတော့ အခြားသူများကိုပါဟု သတိပေးခဲ့သည်။ သို့ရာတွင် ကာဣနသည် နားမထောင်ခဲ့သေးပေ။ ကာဣနသည် အဘယ်အရာပြုလုပ်ခဲ့သနည်း။ ကမ္ဘာဦးကျမ်း ၄:၈ ကိုဖတ်ပါ။ (သူသည် မိမိ၏ညီ အာဗေလကို သတ်ဖြတ်ခဲ့သည်။

အာဒံနှင့်ဧဝတို့သည် ဝမ်းနည်းကြေကွဲခြင်းဖြင့် ငိုကြွေးခဲ့ကြသည်။ သူတို့၏ လုပသောသားကို ဆုံးရှုံးခဲ့ရသည်။ သူတို့ငိုကြွေးနေစဉ် ဘုရားသခင်သည် သူတို့နှင့်နီးစပ်စွာရှိနေတော်မူခဲ့သည်။ဘုရားသခင်သည် ကာဣန၏ စိတ်နှလုံးထဲရှိ အတ္တနှင့်ဒေါသကို မြင်တော်မူခဲ့သည်။ ကာဣနပြုလုပ်ခဲ့သောအရာကိုလည်း မြင်တော်မူခဲ့သည်။ သို့ရာတွင် ဘုရားသခင်၏မေတ္တာသည် ကာဣန၏စိတ်နှလုံးထဲတွင် အလွယ်တကူပေါက်ဖွားနိုင်သည်၊ ထို့ကြောင့် ဘုရားသခင်သည် ကာဣနအား အခွင့်အရေးပေးခဲ့သည်။ သူ၏ကြင်နာသောအသံသည် လယ်ကွင်းကိုဖြတ်၍ ကာဣနထံသို့ရောက်လာခဲ့သည်၊ "သင်၏ညီ အာဗေလသည် အဘယ်မှာနည်း" ဟူ၏။ ကာဣန်က

"ကျွန်ုပ်မသိပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏ညီကို စောင့်ရှောက်ရသူ ဖြစ်ပါသလော" ဟု ဒေါသထွက်စွာ ပြန်ပြောခဲ့သည်။ (ကမ္ဘာဦးကျမ်း ၄:၉)

ကာဣနသည် မုသားစကားပြောနေခြင်းဖြစ်သည်။ သူသည် စိတ်နှလုံး သစ်ကို မလိုလားခဲ့ပေ။ ယခုအခါ ဝမ်းနည်းဖွယ်ရာ အကျိုးဆက်များ ရှိလာတော့ မည်။ ဘုရားသခင်သည် ကာဣနအား သူ၏မိသားစုထံမှ ထွက်ခွာ၍ ကမ္ဘာမြေ ပေါ်တွင် လှည့်လည်သွားလာစေခဲ့သည်။အာဒံနှင့်ဧဝတို့သည် ငိုကြွေးခဲ့ကြသည်။ အာဗေလလည်းမရှိ၊ ကာဣနလည်းမရှိတော့ပြီ။ကာဣနသည် ဘုရားသခင်အား မကျေမနပ်ပြောဆိုခဲ့သည်။ သူသည် ကမ္ဘာမြေပေါ်တွင် လှည့်လည်သွားလာရန် မလို လားခဲ့ပေ၊ ပြီးတော့ သူ့အား တစ်စုံတစ်ဦးက သတ်ဖြတ်မည်ကိုလည်း အထူးသဖြင့် မလိုလားခဲ့ပေ။ သူသည် အလွန်ကြောက်ရွံ့နေခဲ့သည်။ ဘုရားသခင်သည် သူ့အား ကာကွယ်ရန် ကူညီရန်အတွက် စေလွှတ်ခဲ့သည်ကိုပင် သူမသိခဲ့ပေ။ကာဣန မကျေ မနပ်ပြောဆိုနေစဉ် ဘုရားသခင်သည် နားထောင်တော်မူခဲ့သည်။ ထို့နောက် သူ့အား မတိုက်ခိုက်ရန် ကာကွယ်မှုအမှတ်အသားကို ချမှတ်ပေးတော်မူခဲ့သည်။ သို့ရာတွင် အကယ်၍ မည်သူမဆို ကာဣန်အား သတ်ဖြတ်ရန် ကြိုးစားခဲ့လျှင်၊ သူတို့သည် အပြစ်ဒဏ်ပေးခြင်းခံရလိမ့်မည်။ ဘုရားသခင်သည် မေတ္တာရှင်တော်ဖြစ်သည်။ ထို ထူးခြားသောမေတ္တာကို ကျွန်ုပ်တို့သည် "ကရုဏာတော်" ဟုခေါ်ဆိုသည်၊ အဘယ် ကြောင့်ဆိုသော် ကာဣနသည် နောင်တမရ၊ ရိုသေလေးစားမှုမရှိသော်လည်း ဘုရား သခင်သည် ကြင်နာတော်မူ၍ ခွင့်လွှတ်တော်မူသောကြောင့်ဖြစ်သည်။ ကာဣနသည် ဘုရားသခင်၏ ကရုဏာတော်ကို မထိုက်တန်ခဲ့ပေ။ သို့ရာတွင် ဘုရားသခင်သည် သူ့အား ထိုကရုဏာတော်ကို ပေးသနားတော်မူခဲ့သည်။

## သဘာဝသင်ခန်းစာ - လကြတ်ခြင်း

အဓိကအချက်၊ ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ ဘုရားသခင်နှင့် ကျွန်ုပ်တို့ကြားသို့ အခြားအရာများ ဝင်ရောက်စေနိုင်သည်။ ညကောင်းကင်ယံတွင် လပြည့်ဝန်းကို သင် မြင်ဖူးပါသလား။ လကြတ်ခြင်းဆိုသည်မှာ အဘယ်နည်း၊ ထိုပြင်ဂုဏ်သည် ကျွန်ုပ်တို့အား အဘယ်အရာသင်ပေးနိုင်သနည်းကို လေ့လာကြည့်ကြပါစို့။ (ပုံကိုပြ ပါ။) Elaine Egbert သည် လပြည့်ဝန်းကို ကြည့်ရှုစစ်ဆေးရန် အပြင်သို့ ထွက်ခဲ့သည်။ သူမမြင်ရသည်မှာ ထိုညတွင်လအပြည့် ကြတ်မည်ဖြစ်ကြောင်း၊ ထိုသို့ကြတ်ခြင်း ဖြင့်မျက်စိထဲမှလကို ကွယ်ဝှက်သွားစေမည်ကိုသိခဲ့သည်။ ကျွန်ုပ်အပြင်ထွက်လိုက်သည့်အချိန်တွင် လသည် တိမ်ကင်းသောကောင်းကင်ယံမှ တောက်ပနေပြီးကျွန်ုပ်၏ အရိပ်ကို ကျွန်ုပ်၏နောက်တွင်ရှိနေသည်ကို တွေ့မြင်ရသည်။ကျွန်ုပ်သည် ဂရုတစိုက်စောင့်ကြည့်နေခဲ့သည်။ မကြာမီကျွန်ုပ်တို့၏ ကမ္ဘာမြေသည် လနှင့်နေကြားသို့ ဖြတ်သန်းသွားမည်ဖြစ်ပြီး လအပြည့်၏မြင်ကွင်းကို ပိတ်ဆို့ကာ လကြတ်ခြင်းကိုဖြစ်စေမည်ဖြစ်သည်။

ပထမဦးစွာ လ၏ဘယ်ဘက်အခြမ်းတွင် တိမ်တစ်ခုက လာရောက်ဖုံးလွှမ်းထားသကဲ့သို့ မှောင်နေသော အရိပ်တစ်ခုသာ ကျွန်ုပ်မြင်ခဲ့ရသည်။ နောက်ပိုင်းတွင် လ၏တစ်ဝက်သာ တောက်ပနေခဲ့သည်။ နောက်ဆုံးတွင် ညသန်းခေါင် မတိုင်မီအချိန်အထိ လ၏မျက်နှာပြင်တစ်ခုလုံးသည် ကြတ်မှောက်သွားခဲ့သည်။ လသည် နီညိုရောင်ကဲ့သို့ မှောင်နေခဲ့ပြီး ကျွန်ုပ်၏အရိပ်သည် ကျွန်ုပ်၏နောက်တွင် မရှိတော့ပေ။

ယခင်က အလွန်တောက်ပနေခဲ့သောလကို ငေးကြည့်ရင်း ကျွန်ုပ်သည် ဘုရားသခင်၊ သင်နှင့် ကျွန်ုပ်အကြောင်းကို တွေးမိခဲ့သည်။ ဘုရားသခင်သည် လနှင့်

တူသည်။ သူသည် ကျွန်ုပ်တို့အပေါ် ကောင်းချီးမင်္ဂလာများ ထွန်းလင်း တောက်ပစေကာ ကျွန်ုပ်တို့အား လမ်းပြမည်ဟု ကတိတော်ပေးထားသည်။ ကျွန်ုပ်တို့သည် သူ၏ ကောင်းချီးများကိုလက်ခံပြီး သူ့စကားကို လိုက်နာသောအခါ ကျွန်ုပ်တို့သည် ငြိမ်းချမ်းပြီးပျော်ရွှင်ခံစားရသည်။ သို့ရာတွင်တစ်ခါတစ်ရံ ကျွန်ုပ်တို့သည်အခြား အရာများကို ဘုရားသခင်နှင့်ကျွန်ုပ်တို့ကြားသို့ ဝင်ရောက်စေတတ်သည်။ ကျွန်ုပ်တို့သည် ကိုယ်ပိုင်နည်းလမ်းဖြင့် အရာများကိုပြုလုပ်ရန် ရွေးချယ်ခြင်း သို့မဟုတ် ဘုရားသခင်၏ညွှန်ကြားချက်များကို လျစ်လျူရှုရန် ရွေးချယ်ခြင်းပြုနိုင်သည်။ ထိုအခါ ယေရှုပေးသော ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်ခြင်းသည် ပိတ်ဆို့ခံရပြီး ယေရှုသည် လကြွတ်သကဲ့သို့ကျွန်ုပ်တို့ထံမှ ကွယ်ဝှက်သွားသကဲ့သို့ဖြစ်သွားသည်။ သူ၏ မေတ္တာသည်တည် ရှိနေသေးသော်လည်း ကျွန်ုပ်တို့၏အပြစ်သည် ခြားနားနေ သည်။

ကျွန်ုပ်တို့သည်ဤအခြေအနေသို့ရောက်ရှိသောအခါ အရာရာကိုပြန်လည်ပြင်ဆင်ရန်အရေးကြီးသည်။ ကျွန်ုပ်တို့သည် သူ၏ခွင့်လွှတ်ခြင်းကို တောင်းခံပြီး သူ၏ကရုဏာတော်ကို လက်ခံနိုင်သည်။အပြစ်နှင့် အတ္တသည် သင်နှင့် ဘုရားသခင်ကြားသို့ ဝင်ရောက်လာသောအခါ သင်အဘယ်အရာပြုလုပ်နိုင်သနည်း။ (ဆုတောင်းပါ။ သင်၏အပြစ်ကို ဝန်ချတောင်းပန်ပါ။ သူ၏ခွင့်လွှတ်ခြင်းကို တောင်းခံပါ။)

# အပတ်စဉ် ၇

# နောဧ သင်္ဘောတည်ဆောက်ခြင်း

**အဓိကသင်ခန်းစာ** ၊ကျွန်ုပ်သည် ဘုရားသခင်နှင့် အချိန်ကုန်ဆုံးခြင်းနှင့်<သူ၏ အသံတော်ကိုနာခံခြင်းအားဖြင့် ယုံကြည်စိတ်ချရသော သူဖြစ်နိုင်ပါသည်။

## ဤအပတ်စကားလုံး

**ယုံကြည်စိတ်ချရသော** - မည်သည့်အခြေအနေမျိုးတွင်မဆို တစ်စုံတစ်ယောက်အား သစ္စာရှိခြင်းနှင့် ချစ်ခြင်းမေတ္တာ ပြည့်ဝစွာ ဆက်ဆံခြင်း။ ကျမ်းစာပုံပြင်များ ဤပုံပြင်ကို မျှဝေရန်ပြင်ဆင်ရာတွင် အပြည့်အစုံနှင့် အသေးစိတ်ဇာတ်လမ်းအတွက် ကလေးတန်းဥပုသ်စာဖြေဖတ်ရှုပါ။ ကလေးများ၏ စိတ်ဝင်စားမှုရှိစေရန်၊ ဇာတ်လမ်းကို ကလေးများအား တိုက်ရိုက်ဖတ်ပြခြင်းမှ ရှောင်ကြဉ်ပါ။ ဘုရားသခင်အား ယနေ့ကျမ်းစာကို လူတိုင်းနားလည်နိုင်ရန် ကူညီတော်မူရန် ဆုတောင်းပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျမ်းစာကိုမဖတ်မီ ဘုရားသခင်၏အသက်ရှင်သော နှုတ်ကပတ်တော်မှ သွန်သင်ချက်ရယူရန် ဘုရားသခင်အား ဖိတ်ခေါ်ဆုတောင်းခြင်း၏ အရေးပါမှုကို သင်က စံနမူနာပြနိုင်မည်။

အာဒံသည်နှစ်ပေါင်း၉၃၀အထိအသက်ရှင်ခဲ့သည်။ ထိုနှစ်များအတွင်း သူသည်ပြည့်စုံသောဒေင်ဥယျာဉ်တော်အတွင်း နေထိုင်ရသည့်အကြောင်း၊ ဘုရားသခင်၏ အမိန့်ကို မနာခံခဲ့ကြရသည့် ဝမ်းနည်းဖွယ်နေ့အကြောင်းကို သူ၏သားမြေးများအားသစ္စာရှိစွာပြောပြခဲ့သည်။ဥယျာဉ်တော်ကိုစောင့်ကြပ်နေသော ကောင်းကင်တမန်များကိုပင်ဒေင်ဥယျာဉ်တော် တံခါးဝတွင်သွားရောက်ကြည့်ရှုနိုင်ခဲ့ကြသည်။ အာဒံသည်မိမိပြစ်မှားခြင်းအကြောင်း၊ဘုရားသခင်၏လမ်းကို လိုက်ရန် အဘယ်မျှ

အရေးကြီးကြောင်း၊ မကောင်းမှုအပေါင်းတို့မှ ကယ်တင်ရန် ဘုရားသခင်ကတိတော်ထားသော သူတစ်ဦးအကြောင်းကို ပြောပြခဲ့သည်။ တစ်ချို့လူများက နားထောင်ခဲ့ကြသော်လည်း များစွာသောသူတို့မှာ မနားထောင်ခဲ့ကြပေ။ သူတို့သည် မာနထောင်လွှား၊ ကြမ်းတမ်း၍ အတ္တကြီးသောသူများ ဖြစ်လာခဲ့ကြသည်။ ဧနောက်အမည်ရှိသော သူရဲကောင်းတစ်ဦးသည် ဘုရားသခင်အား အလွန်ချစ်မြတ်နိုးသည်။ သူသည် ကြင်နာတတ်ပြီး နှိမ့်ချသောစိတ်ရှိသည်။ ကျမ်းစာက "ဧနောက်သည် ဘုရားသခင်နှင့် အတူသွား၏" (ကမ္ဘာဦး၅:၂၂)ဟုဆိုထားသည်။ ဤဆိုလိုချက်မှာ အဘယ်နည်း။ သူနှင့်ဘုရားသခင်သည်တစ်လမ်းတည်းသွားခြင်းကိုဆိုလိုသည်။ ဧနောက်သည် စိတ်နှလုံးအကြွင်းမဲ့ဖြင့် ဘုရားသခင်အား ချစ်ခြင်းမေတ္တာထားခဲ့သည်။ ဘုရားသခင် မိန့်တော်မူသည်ကို သဘောတူလက်ခံပြီး ဘုရားသခင်၏ ပညတ်တော်များကို သစ္စာရှိစွာနာခံခဲ့သည်။ ထိုအချိန်ကဘုရားသခင်သည် ပညတ်တော်ဆယ်ပါးကို မပေးသေးသော်လည်း၊ မိမိကိုချစ်ခြင်းနှင့် အခြားသူများကို ချစ်ခြင်းမေတ္တာပြရန်သွန်သင်ထားခဲ့သည်။

ဘုရားသခင်သည် ဧနောက်အား ဤချစ်ခြင်းမေတ္တာကို ကြင်နာခြင်း၊ နူးညံ့သိမ်မွေ့ခြင်းဖြင့်ပြသရန် ကူညီတော်မူခဲ့သည်။ ထို့အပြင်ခိုင်မာပြီး ဉာဏ်ပညာ ပြည့်ဝကာ ကြီးထွားလာသော စိတ်နှလုံးကိုလည်းပေးသနားတော်မူခဲ့သည်။ ဧနောက်သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာအကြောင်းကို လူများအား ဟောပြောခဲ့သည်။ ဘုရားသခင်၏လမ်းကိုလိုက်ပြီး မှားယွင်းသောအမှုများကို ရပ်တန့်ရန် သူတို့အား တောင်းပန်ခဲ့သည်။ တစ်နေ့တွင်၊ ဧနောက်သသည်အို မင်းသွားသောအခါ၊ သူ၏ အခင်ဆုံးမိတ်ဆွေဖြစ်သော ဘုရားသခင်သည် သူ့ကိုကောင်းကင်ဘုံသို့ ခေါ်ဆောင်သွားတော်မူသည်။ နှစ်ပေါင်းရာချီကုန်လွန်ခဲ့သည်။ ထိုလူ များသည်မည်ကဲ့သို့သော သူများဖြစ်လာသနည်း၊ဘုရားသခင်သည် သူတို့အား မည်သို့ခံစားရသနည်း။

ကမ္ဘာဦး ၆:၅၊ ၆ ကိုဖတ်ပါ။ သူတို့သည် အလွန်ဆိုးယုတ်၍၊ အစဉ်မပြတ်ဒုစရိုက်ကိုသာပြုလုပ်ကြသည်။ ဘုရားသခင်သည် အလွန်ဝမ်းနည်းတော်မူသည်။ ဘုရားသခင်သည် တစ်စုံတစ်ရာမပြုလျှင်၊ ကယ်တင်ရှင် မွေးဖွားနိုင်သော သူမရှိတော့မည်ကို သိရှိတော်မူသည်။ ဘုရားသခင်သည် လူများ၏စိတ်နှလုံးများကို ထပ်ကာထပ်ကာမိမိထံပြန်လှည့်စေရန် ကြိုးစားတော်မူသော်လည်း၊ အနည်းငယ်သောသူတို့သာ နားထောင်ခဲ့ကြသည်။ ထို့နောက်ဘုရားသခင်သည် ကမ္ဘာကြီး တစ်ခု လုံးကိုလွှမ်းခြုံမည့် ရေလွှမ်းမိုးခြင်းကြီးကို စေလွှတ်မည်ဟုဆုံးဖြတ်တော်မူသည်။ သို့ရာတွင် မိမိချစ်သောကြောင့် လူတိုင်းကို ကြိုတင်သတိပေးလိုတော်မူသည်။ ထိုသို့ ပြုလုပ်ရန် သစ္စာရှိသောယောက်ျားတစ်ဦး လိုအပ်နေသည်။

ဘုရားသခင်သည် နောအား ရွေးချယ်တော်မူသည်။ သင်္ဘောကြီးတစ်စီးဆောက်လုပ်ရန်၊ ထိုသင်္ဘောကို အတိအကျမည်သို့ဆောက်ရမည်ကို မိန့်မှာတော်မူသည်။ နောသည် ဘုရားသခင်၏ ညွှန်ကြားချက်အားလုံးကို နားထောင်၍ နာခံခဲ့သည်။နောနှင့် သူ၏သားများသည် သစ်သားကိုလှဲ၍၊ သံမှိုရိုက်၍၊ သင်္ဘောကြီးကိုစတင်ဆောက်လုပ်ကြသည် (ဆောက်လုပ်ရေးကိရိယာများကိုပြပါ)။ ထိုသင်္ဘောကြီးတွင် လူများနှင့် တိရစ္ဆာန်များအတွက် အခန်းများရှိပြီး၊ ဘေးဘက်တွင် တံခါးတစ်ချပ်ရှိသည်။ ထိုတံခါးမှတစ်ဆင့် ဝင်ရောက်ရန် ရွေးချယ်သူမှန်သမျှသည် ရေလွှမ်းမိုးခြင်းမှ လုံခြုံစွာရှိကြလိမ့်မည်။နောသည် ကမ္ဘာကြီးကို သန့်စင်အောင်ဆေးကြောမည့် ဘုရားသခင်၏ အကြံအစည်တော်ကို လူတိုင်းအားပြောပြခဲ့သည်။ လူအများစုက သူသည် ရူးသွပ်သည်ဟု ထင်မှတ်ကြသော်လည်း၊ ထိုအရာသည် နောအား မတားဆီးနိုင်ခဲ့ပေ။ သူသည် နှစ်ပေါင်း ၁၂၀ ကြာသစ္စာရှိစွာဖြင့် သင်္ဘောဆောက်လုပ်ကာဟောပြောခဲ့သည်။နေ့စဉ်ဘုရားသခင်နှင့်အတူအချိန်ကုန်ဆုံးခြင်းသည် နောက်အား ဤမျှသစ္စာရှိစေရန် ကူညီခဲ့သည်။နောက်ဆုံးတွင် သင်္ဘောကြီး

ပြီးစီးခဲ့သည်။ရောက်လာမည့် ရေလွှမ်းမိုးခြင်းမှ လွတ်မြောက် ကယ်တင်ရန် သင်္ဘောထဲသို့ဝင်ရောက်လာကြရန် နောဧသည် နောက်ဆုံးအကြိမ် ကြိုးစားဖိတ်ခေါ် ခဲ့သည်။ သူတို့က ပြက်ရယ်ပြုကာ သူ့ကိုလှောင်ပြောင်ကြသည်။ ထိုအချိန်က မိုးရွာခြင်း? ကောင်းကင်မှ ရေကျလာခြင်း မရှိဖူးခဲ့ဘူးပေ။ရုတ်တရက် လူများ၏ ရီစရာအသံများ ရပ်တန့်သွားသည်။ သူတို့၏မျက်လုံးများ အံ့အားသင့်သည့်အနေဖြင့် ကျယ်ပြန့်သွားကြသည်။

တိရစ္ဆာန်များသည် သင်္ဘောဆီသို့ လျင်မြန်စွာ လာရောက်နေကြသည်။ ( ကစားစရာ တိရစ္ဆာန်များနှင့် သင်္ဘောပုံကိုပြပါ။) တောအုပ်များမှ၊ လယ်ကွင်းများကိုဖြတ်၍၊ တောင်ကုန်းများပေါ်မှ၊ သင်္ဘောထဲသို့ စုံတွဲလိုက်အသီးသီး ဝင်ရောက်လာကြသည်။ သန့်ရှင်းသောတိရစ္ဆာန်များသည် ခုနှစ်စုံစီဝင်လာကြသည်။ ငှက်များလည်း သင်္ဘောတံခါးမှတစ်ဆင့် ပျံဝဲလာကြသည်။ ခုနှစ်ရက်တိုင်တိုင် မြင်မရသောကောင်းကင်တမန်များ ဦးဆောင်သည့်အတိုင်း ဆက်လက်ဝင်ရောက်လာကြသည်။ သို့သော် ဘုရားသခင်ကို ယုံကြည်၍ သင်္ဘောထဲသို့ ဝင်ရောက်လာသူမှာ ရှစ်ယောက်သာ ရှိသည်။ နောဧ ၊ သူ၏ဇနီး၊ သူတို့၏သားများ-ရှေမ၊ ဟာမ၊ ယာဖက်နှင့် သူတို့၏ ဇနီးများ ဖြစ်ကြသည်။ထို့နောက် ဘုရားသခင်သည် တံခါးကို ပိတ်တော်မူသည်။ ကမ္ဘာ့အသန်စွမ်းဆုံးယောကျ်ားတောင် ပြန်ဖွင့်၍မရတော့ပေ။နောဧနှင့် သူ၏ မိသားစုသည် သင်္ဘောအတွင်း၌ ဘုရားသခင် မိန့်တော်မူသည့်အတိုင်း ရေလွှမ်း မိုးခြင်းရောက်လာမည်ကို ယုံကြည်စိတ်ချလျက် သည်းခံစွာဖြင့် ခုနှစ်ရက်ကြာ စောင့်မျှော်နေခဲ့ကြသည်။ ခုနှစ်ရက်အကြာတွင် ဘာဖြစ်သွားသနည်း။ ကမ္ဘာဦး ၇:၁၀၊ ၁၁ ကိုဖတ်ပါ။ (မိုးရွာသွန်းခြင်း စတင်ခဲ့သည်။) မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက် ပြီး မိုးကြိုးသံကြီးများ ထွက်ပေါ်လာသည်။ မိုးစက်ကြီးများစတင်ရွာသွန်းလာပြီး၊မြေကြီး အတွင်းမှ ရေများပန်းထွက်လာသည်။ ကလေးများအပေါ် ရေဖြန်းပုလင်းဖြင့် အနည်း

ငယ်ဖြန်းပါ။ အဘယ်မျှလောက် ကြောက်မက်ဖွယ်ကောင်းသော မုန်တိုင်းကြီးနည်း။ လူအချို့သည် သင်္ဘောတံခါးကို ထုနှက်ကြသည်။ သို့သော် တံခါးသည်အလွန်ခိုင်ခံ့စွာ ပိတ်ထားပြီးဖြစ်သည်။ အချိန်နှောက်ကျသွားပြီ။ ရေသည် ကမ္ဘာကြီးတစ်ခုလုံးကို ဖြည်းဖြည်းချင်း လွှမ်းခြုံသွားခဲ့သည်။ သင်္ဘောပြင်ပရှိ အသက်ရှင်သောအရာ အားလုံးပျက်စီးခဲ့ရသည်။ သင်္ဘောအတွင်း၌မူ နောနှင့်သူ၏ မိသားစုနှင့် တိရစ္ဆာန်အားလုံးလုံခြုံစွာရှိကြသည်။ ဘုရားသခင် ကတိတော်ထားသည့်အတိုင်း ကောင်းကင်တမန်များသည် သင်္ဘောကိုမုန်တိုင်းအတွင်း လုံခြုံစေရန် စောင့်ရှောက်နေခဲ့ကြသည်။ ဘုရားသခင်သည် အမြဲတမ်း သစ္စာရှိတော်မူပါသည်။

- **ဥပုသ်နေ့တွင် ကျောင်းမတက်ရ**

**ပုံပြင်ကိုအာရုံစိုက်ရန်** -ဘုရားသခင်သည် ကျွန်ုပ်တို့အား သတ္တိပေးပြီး မိမိထံ သစ္စာရှိစေရန် ကူညီတော်မူသည်။

**တည်နေရာ** - ကလေးတစ်ဦးအားကမ္ဘာလုံးသို့မဟုတ် ကမ္ဘာမြေပုံပေါ်တွင် ကာဂျစ္စတန်နိုင်ငံကို ရှာဖွေပြရန် ကူညီပါ။ ကမီလာသည်ဘုရားသခင်အား ချစ်မြတ်နိုးပြီး ဘုရားသခင်နှင့်အတူဥပုသ်နေ့၌ အချိန်ကုန်ဆုံးရန်၊ နှစ်သက်သည်။ သို့ရာတွင် ကာဂျစ္စတန်နိုင်ငံ၏မြို့တော်ဘီရှ်ကက်မြို့ရှိ အစိုးရကျောင်းတွင်အဌမတန်းကျောင်း သူ အဖြစ် စတင်တက်ရောက်သောအခါ သူမသည် ကြီးမားသောပြဿနာတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။ အစိုးရကျောင်းသည် အဌမတန်းကျောင်းသားအားလုံးအား တနင်္လာနေ့မှ စနေနေ့အထိ တစ်ပတ်လျှင် ခြောက်ရက်ကျောင်းတက်ရန် လိုအပ် သည်။ ကမီလာနှင့် သူမ၏မိခင်သည် အကူအညီတောင်းရန် သူတို့၏သတ္တမနေ့အသင်းတော်သင်းအုပ်ဆရာထံသွားခဲ့ကြသည်။ သင်းအုပ်ဆရာက ဆုတောင်းပြီးနောက်၊ ကမီလာကို စနေနေ့တွင်ခွင့်လွှတ်ပေးရန် တောင်းဆိုသည့် စာတစ်စောင်ကို ကမီလာ

၏ ကျောင်းသို့ ရေးသားပေးပို့ခဲ့သည်။ ကမီလာနှင့် သူမ၏မိခင်သည် ထိုစာကို ကျောင်းအုပ်ကြီးထံယူဆောင်သွားခဲ့ကြသည်။ "အခြားခရစ်ယာန်များသည် တနင်္ဂနွေနေ့တွင် ဘုရားကျောင်းသွားကြသည်၊ သင့်သမီးလည်း တနင်္ဂနွေနေ့တွင် သွားနိုင်သည်" ဟု မိခင်အား ပြောသည်။ ကမီလာသည် နောက်လာမည့် ဥပုသ်နေ့တွင် ကျောင်းမသွားခဲ့ပေ။ ယင်းအစား မိခင်နှင့်အတူဘုရားကျောင်းသို့သွားခဲ့သည်။ မည်သည့်အရာဖြစ်ဖြစ် ဘုရားသခင်ထံ သစ္စာရှိရန် သူမဆုံးဖြတ်ချက်ချခဲ့သည်။ ဘုရားကျောင်းတွင် မိခင်သည်ကားဖြင့် နှစ်နာရီခန့်အကွာရှိ တို့မောက်မြို့ရှိ သတ္တမနေ့အသင်းတော်အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးကို တွေ့ခဲ့သည်။

မိခင်သည် ကျောင်းအခြေအနေကိုရှင်းပြပြီး ကမီလာသည် သတ္တမနေ့အသင်းတော်ကျောင်းသို့ တက်နိုင်မနိုင်မေးမြန်းခဲ့သည်။ ကျောင်းအုပ်ကြီးသည် ကမီလာအတွက် ဆုတောင်းပေးခဲ့သည်။ ကမီလာ၏ကျောင်းလခကို ကူညီပေးနိုင်သူတစ်ဦးကို ရှာဖွေပေးရန် ဘုရားသခင်အား တောင်းခဲ့သည်။ ယင်းသည်မိခင် အတွက် လွန်စွာစရိတ်ကြီးလွန်းခဲ့သည်။ "နောက်လာမည့်ဥပုသ်နေ့တွင် ကျွန်မက မီလာအတွက်မစရန်တစ်စုံတစ်ယောက်ကို ရှာဖွေနိုင်မနိုင်ပြောပြမယ်" ဟု ကျောင်း အုပ်ကြီးကပြောသည်။ ကမီလာသည် ဘုရားသခင်အား မိမိအားကူညီမည့် သူရှာဖွေပေးရန် တစ်ပတ်လုံး ဆုတောင်းခဲ့သည်။ထိုဥပုသ်နေ့တွင်ဘုရားကျောင်း၌ ကျောင်း အုပ်ကြီးသည် ပြုံးရွှင်စွာဖြင့် ကြိုဆိုပြောဆိုသည်။ "ဘုရားသခင်က မင်းကို ကောင်းချီးပေးတယ်" ဟု သူမကိုပြောသည်။ "ကူညီမယ့်သူရှာတွေ့ပြီ"။ "ကျေးဇူး အများကြီးတင်ပါတယ်"ဟုကမီလာသည်သူမ၏သစ္စာရှိသောမိတ်ဆွေဘုရားသခင်အား ပြောခဲ့သည်။

**မေးခွန်း** -ကမီလာ၏ပုံပြင်သည်နောအေကြောင်းနှင့် မည်သို့သတိရစေသနည်း။

## အပတ်စဉ် ၈

## သက်တန့်ဂတိတော်

### အဓိကသင်ခန်းစာ

ကျေးဇူးတင်ခြင်း - ဘုရားသခင်၏ ကာကွယ်မှုအတွက် ကျေးဇူးတင်ပါ၏ နှင့် ကတိတော်အားလုံးကို ယုံကြည်စိတ်ချပါ၏။

တစ်ပတ်အတွက် စကားလုံး

ကာကွယ်သည် ၊ တစ်စုံတစ်ခုသို့မဟုတ် တစ်စုံတစ်ယောက်ကို ဘေးကင်းအောင် ထားရှိခြင်း။

### သမ္မာကျမ်းပုံပြင်

ဤပုံပြင်ကိုမျှဝေရန်ပြင်ဆင်သည့်အခါ အပြည့်အစုံနှင့် အသေးစိတ်ဇာတ်လမ်းအတွက်ကလေးတန်းဥပုသ်စာဖြေ ကျောင်းလမ်းညွှန်ကိုဖတ်ရှုပါ။ ကလေးများ စိတ်ဝင်စားမှုအများဆုံးရရှိရန် ပုံပြင်ကို ကလေးများအား တိုက်ရိုက် မဖတ်ပြရန်သတိပြုပါ။ ယနေ့သမ္မာကျမ်းပုံပြင်ကို လူတိုင်းနားလည်နိုင်ရန် ဘုရားသခင်အား ဆုတောင်းပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် သမ္မာကျမ်းစာကိုမဖတ်မီ ဘုရားသခင်၏ အသက်ရှင်သော နှုတ်ကပတ်တော်မှ သွန်သင်ခြင်းခံရန် ဆုတောင်းခြင်း၏ အရေးကြီးပုံကို သင်သည် နမူနာပြပေးလိမ့်မည်။

### ပုံပြင်ကိုပြောပြပါ

သင်္ဘောအတွင်း လုံခြုံစွာရှိနေသော နောကနှင့် သူ၏မိသားစုငယ်သည် ချစ်မြတ်နိုးတော်မူသော ဘုရားသခင်၏ ကာကွယ်မှုကို ခံစားခဲ့ရသည်။ မိုးသည်

ရက်ပေါင်း လေးဆယ်၊ ညပေါင်း လေးဆယ် ရွာသွန်းခဲ့သည်။ ထိုမျှလောက်များပြား သော မိုးရေသည် အရာရာတိုင်းကို မြုပ်နှံပစ်ကာ ဆိုးယုတ်မှုအားလုံးကို ဆေးကြော ပစ်ခဲ့သည်။ ဘုရားသခင်ကတိတော်ထားသည့်အတိုင်းအချိန်မီ ပင်မိုးရွာသွန်းမှုကို ရပ်တန့်စေတော်မူခဲ့သည်။ မိုးအစား ရေများကိုခြောက်သွေ့စေရန် လေပြင်းများကို စေလွှတ်တော်မူခဲ့သည်။ထို့နောက် ဘုရားသခင်သည် သင်္ဘောအား တောင်တန်းများ အပေါ်ရှိ ငြိမ်းချမ်းသော ရေပြင်သို့ဦးတည်စေတော်မူခဲ့သည်။ သူတို့၏ သင်္ဘော သည် လှိုင်းခတ်ခြင်း၊ ပြင်းစွာလှုပ်ရှားခြင်းမှ ရပ်တန့်သွားသည်ကို မိသားစုငယ်သည် ကျေးဇူးတင်ခဲ့ကြသည်။သူတို့သည်သင်္ဘောအတွင်းရှိသတ္တဝါအားလုံးကိုဆက်လက် ပြုစုစောင့်ရှောက်ခဲ့ကြသည်။

မိသားစုသည် ငှက်များအား ကောက်နှံများ၊ မျောက်များအား ငှက်ပျော သီးများ ကျွေးခဲ့ကြသည်။ သူတို့သည် သင်္ဘောမှ မည်မျှကြာမှ ထွက်ခွာနိုင်မည်ကို စောင့်ဆိုင်းကာ တွေးတောခဲ့ကြသည်။ ရေသည် မြေကြီးကို မည်မျှကြာအောင် ဖုံးလွှမ်းခဲ့သနည်း။ ကမ္ဘာဦးကျမ်း ၇:၂၄ ကိုဖတ်ပါ။ (ရက်ပေါင်း ၁၅၀၊ ဆိုလိုသည်မှာ ငါးလနှင့်ညီမျှသည်။) ထို့နောက် တစ်နေ့တွင် နောသေည် မြေကြီးခြောက်မခြောက် စမ်းသပ်ရန် ကျီးနက်တစ်ကောင်ကို လွှတ်ခဲ့သည် (ကစားစရာ/ပုံ)။ ယင်းသည် ပြန်လာခဲ့သည်။ ၎င်းဆင်းသက်နိုင်ရန် ရေအလွန်များနေခဲ့သည်။ တစ်ပတ်အကြာ တွင် သူသည် ချိုးဖြူတစ်ကောင်ကို လွှတ်ခဲ့သော်လည်း ထိုချိုးသည်လည်း ပြန်လာ ခဲ့သည်။ ခုနစ်ရက်အကြာတွင် သူသည် ချိုးကို နောက်တစ်ကြိမ် လွှတ်ခဲ့သည်။ ဤတစ်ကြိမ်တွင် ချိုးသည် သူ၏နှုတ်တွင် သံလွင်ရွက်တစ်ရွက်နှင့် ပြန်လာခဲ့သည်။ အပြင်ဘက်တွင် ပေါက်ရောက်နေသောအပင်များရှိနေကြောင်းသိရသည်။ နောက် ထပ် တစ်ပတ်ထပ်မံစောင့်ဆိုင်းခဲ့သည်…ထို့နောက် သူသည် ချိုးကို နောက်တစ်ကြိမ် လွှတ်ခဲ့သည်။ ဤတစ်ကြိမ်တွင် ချိုးသည် မပြန်တော့ပေ။ သူ့အတွက် နေရာသစ်

တစ်ခုကို တွေ့ရှိသွားခြင်းဖြစ်သည်။နောနှင့် သူ၏မိသားစုသည် အလွန်စိတ်လှုပ်ရှားခဲ့ကြသည်။ မကြာမီ သူတို့သည် သူတို့၏အိမ်သစ်ကို စူးစမ်းရန် လွတ်လပ်သွားကြလိမ့်မည်။ သို့သော် သူတို့သည် သည်းခံကြလိမ့်မည်။ ဘုရားသခင်သည် သင်္ဘော၏တံခါးကို ပိတ်တော်မူခဲ့ပြီး ဘုရားသခင်ကပင် သူတို့အား လွှတ်ပေးတော်မူလိမ့်မည်။ ဘုရားသခင်သည် မြေကြီးခြောက်သွေ့စေပြီး အပင်များပေါက်ရောက်စေကာ မိသားစုသည် သင်္ဘောပြင်ပတွင် အသက်ရှင်သန်နိုင်ရန် သည်းခံစွာစောင့်ဆိုင်းရန်သည် သူတို့၏တာဝန်ဖြစ်သည်။ သူတို့သည် ဘုရားသခင်သူတို့အားကာကွယ်မည်ကို ယုံကြည်ကာ သည်းခံစွာ ဆက်လက်စောင့်ဆိုင်းနေခဲ့ကြသည်။

**ဆွေးနွေးရန် (မှတ်ချက်** အောက်ပါလှုပ်ရှားမှုကို ငါးမိနစ်ထက် ပိုကြာအောင်မလုပ်ပါနှင့်။)

• နောက်နှင့် သူ၏မိသားစုသည် သင်္ဘောအတွင်း တစ်နှစ်တာကာလအတွင်း ဘုရားသခင်က မည်သည့်အရာများမှ ကာကွယ်ပေးခဲ့သနည်း။ (မုန်တိုင်းထန်သောပင်လယ်၊ ချောက်ချားဖွယ်လေများ၊ သင်္ဘောမှောက်ခြင်း၊ ပုံမှန်အားဖြင့် အရိုင်းစိုင်းသော သတ္တဝါများ၊ ငြီးငွေ့ခြင်း၊ ကြောက်ရွံ့ခြင်း စသည်)

• လွန်ခဲ့သောတစ်နှစ်အတွင်း ဘုရားသခင်သည် သင့်အား မည်သည့်အရာများမှကာကွယ်ပေးခဲ့သနည်း။ (ဘုရားသခင်သည် ကျွန်ုပ်တို့မသိသော အန္တရာယ်များနှင့်ကြောက်စရာကောင်းသောအရာများမှ ကျွန်ုပ်တို့အား မည်သို့ကာကွယ်ပေးကြောင်းမျှဝေပါ။) နော၏ပုံပြင်သည် ယေရှုအားဖြင့် ဘုရားသခင်သည် ဤအပြစ်ကမ္ဘာမှ ကျွန်ုပ်တို့အား မည်သို့ကယ်တင်မည်ကို အကျဉ်းချုပ်မျှဝေပါ။

## လက်တွေ့လုပ်ဆောင်ခြင်း

နံပါတ် ၁ မှ ၁၀ အထိ နံပါတ်များကို မြေပြင်ပေါ်တွင် ထားကာ အဆင့်သတ်မှတ်ချက် တစ်ခု ဖန်တီးပါ။ ကလေးများအား မေးခွန်းများကို တုံ့ပြန်သည့်အနေဖြင့် နံပါတ် တစ်ခုပေါ်တွင် ရပ်ခိုင်းပါ။ ၁ လုံးဝမဟုတ်၊ ၁၀အလွန်များစွာ

• သဘော်အတွင်း စောင့်ဆိုင်းနေစဉ် နောနှင့် သူ၏မိသားစုသည် မည်မျှသည်း ခံသည်ဟု သင်ထင်သနည်း။

• သင့်အား ကတိပေးထားသောအရာတစ်ခုအတွက် စောင့်ဆိုင်းနေစဉ် သင်သည် မည်မျှသည်းခံနိုင်သနည်း။

• မေးခွန်းနှစ်ခုအတွက် သင်၏အဆင့်သတ်မှတ်ချက်တွင် ကွာခြားချက်သည် မည်မျှရှိသနည်း။ (ကွာခြားချက်၏ အကြောင်းရင်းများကို ဆွေးနွေးပါ။) မှတ်မိပါ၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား သည်းခံစွာစောင့်ဆိုင်းနိုင်ရန် ကူညီပေးလိမ့်မည်။

တစ်နေ့တွင် ဘုရားသခင်သည် သဘော်၏ လေးလံသောတံခါးကို ဖွင့်ပေးတော်မူခဲ့သည်။ ပျော်ရွှင်သော လူရှစ်ယောက်သည် ချက်ချင်းထပြီး သတ္တဝါများကို လွှတ်ပေးခဲ့ကြသည်။ စောင့်ဆိုင်းမှုသည် နောက်ဆုံးတွင် ပြီးဆုံးသွားခဲ့သည်။ မြေကြီးခြောက်ပေါ်တွင် ရပ်တည်ရသည်မှာ မည်မျှအံ့သြဖွယ်ကောင်းသနည်း။ နောသည်ပထမဆုံးအလုပ်အနေဖြင့်မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း။ ကမ္ဘာဦး ကျမ်း၈:၂၀ကိုဖတ်ပါ။ (ယဇ်ပလ္လင်ဆောက်ပြီး ဘုရားသခင်အား ကျေးဇူးတင်ရန် သတ္တဝါများကို ယဇ်ပူဇော်ခဲ့သည်။) နောနှင့် သူ၏မိသားစုတွင်ဘုရားသခင်အား ကျေးဇူးတင်ရန် အကြောင်းအရာများစွာရှိခဲ့သည်။ (အောက်ခံပလ္လင်၊ ကစားစရာ သိုးသငယ်) ယဇ်ပလ္လင်ဆောက်ပြီးသိုးသူငယ်ကို အပေါ်တွင်တင်သောအခါ မိသားစု

ယေသည် အတူတကွ ဒူးထောက်ကာ ဘုရားသခင်အား ကိုးကွယ်ခြင်းကို စတင်ခဲ့ကြသည်။ သူတို့အား အကြမ်းထန်ဆုံးသော ပင်လယ်ပြင်များနှင့် အရိုင်းစိုင်းဆုံးသော မုန်တိုင်းများမှ ကာကွယ်ခဲ့ပြီး ကယ်တင်ခဲ့သည့်အတွက် ကျေးဇူးတင်ခဲ့ကြသည်။ ဘုရားသခင်သည် သူတို့၏ ချီးမွမ်းခြင်းနှင့် ကျေးဇူးတင်ခြင်းဆုတော်ကို လက်ခံတော်မူခဲ့သည်။ သူသည် သူ၏ယုံကြည်ခြင်းရှိသော သားသမီးများကို ချစ်မြတ်နိုးတော်မူသည်။နောနှင့် သူ၏မိသားစုသည် ပတ်ဝန်းကျင်ကို သေချာစွာကြည့်ရှုသောအခါ အံ့အားသင့်ခဲ့ကြရသည်။ အလှတရားအားလုံး ပျောက်ကွယ်သွားခဲ့သည်။မြေကြီးသည်ကြမ်းတမ်းပြီးညစ်ပတ်နေကာအပင်များမရှိသောတောင်တန်းများသာရှိသည်။ဘုရားသခင်သည် သူတို့၏ဝမ်းနည်းမှုကို မြင်တော်မူပြီး နားလည်းတော်မူခဲ့သည်၊ ဘုရားသခင်သည် နောနှင့် သူ၏မိသားစုအား မျှဝေရန် အထူးအံ့သြဖွယ်ရာတစ်ခုကို ပြင်ဆင်ထားတော်မူခဲ့သည်။ ထိုအရာသည် လှပပြီး သူတို့မကြုံဖူးသော အရာဖြစ်ကာ ထိုအရာသည် သူတို့အား မည်မျှပျော်ရွှင်စေမည်ကို ဘုရားသခင် သိတော်မူသည်။

ရုတ်တရက် အရောင်စုံတောက်ပမှုဖြင့် လှပသော သက်တန့်တစ်ခုသည် ကောင်းကင်ယံတစ်လျှောက် ခုံးသောသဏ္ဍာန်ကြီးဖြင့် တောက်ပခဲ့သည်။ ဤကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် မြင်တွေ့ရသော သက်တန့်ကို သူတို့သည်အံ့သြ သဘောကျစွာဖြင့်ငေးကြည့်ခဲ့ကြသည်။သက်တန့်ထက်ပို၍လှပသောအရာမှာယင်းပို့ဆောင်သောဘုရားသခင်၏မေတ္တာသတင်းစကားဖြစ်သည်။ ထိုအခြင်းအရာသည် ဘုရားသခင်သည် ကမ္ဘာမြေကြီးအား တစ်ဖန်ပြန်၍ ရေလွှမ်းမိုးတော့မည် မဟုတ် ကြောင်း ပြောပြသည့် နည်းလမ်းဖြစ်သည်။ကောင်းကင်ဘုံတွင် သက်တန့်ရှိသည်ကို သင်သိပါသလား။ ထိုသက်တန့်သည် အဘယ်မှာနည်း။ ဗျာဒိတ်ကျမ်း ၄:၂၊ ၃ ကိုဖတ်ပါ။ ကောင်းကင်ဘုံရှိ သူ၏ပလ္လင်တော်ကို သက်တန့်က ဝန်းရံထားသည်။ ဘုရား

သခင်သည် ကောင်းကင်ဘုံ၏ အထူးအစိတ်အပိုင်းတစ်ခုကို သူ၏သားသမီးများနှင့် မျှဝေတော်မူခြင်းဖြစ်သည်။ သက်တန့်သည် ဘုရားသခင်သည် သူ၏သားသမီးများ အား ချစ်ခင်စောင့်ရှောက်ရန် ကတိတော်ကို အမြဲထားရှိကြောင်း လူတို့အား အမြဲ သတိရစေလိမ့်မည်။

**သဘာဝသင်ခန်းစာ** - သမင်မသည် သူမ၏ကလေးများကို ကာကွယ်ပေးခြင်း

အဓိကအချက် - ဘုရားသခင်သည်သမင်မက သူမ၏ကလေးများကို ကာကွယ် သကဲ့သို့ ကျွန်ုပ်တို့အား ကာကွယ်တော်မူသည်။

• သမင်များအကြောင်း သင်ဘာသိသနည်း။

• သမင်မက ဘုရားသခင်၏ကာကွယ်မှုကို မည်သို့သတိရစေနိုင်သည်ကို ကြည့်ရှု ကြည့်ကြပါစို့။ (ပုံကိုပြပါ။) သင်သည်မွေးကင်းစသမင်ကလေးတစ်ကောင်ကို မြင်ရ ပါက ချစ်စရာကောင်းပြီး ပွေ့ဖက်ချင်စရာကောင်းသည်ဟု ထင်မှတ်မိလိမ့်မည်။ သို့သော်တောထဲတွင်သမင်ကလေးတစ်ကောင်ကို ဘယ်သောအခါမှမြင်တွေ့ရမည် မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် သမင်မသည် သူမ၏ကလေးငယ်များကို ကာ ကွယ်တတ်သောကြောင့်ဖြစ်သည်။

သမင်မတွင်မွေးစကလေးငယ် နှစ်ကောင်မှ ခြောက်ကောင်အထိ ရှိသည်။ သမင်မသည် သူမ၏ကလေးများ နို့သောက်နေရသောအချိန် ပထမဆုံးအပတ် ၆ ပတ်အတွင်း သူမတတ်နိုင်သမျှ ကာကွယ်ပေးသည်။ သူမသည် ကလေးများကို လုံခြုံသောနေရာတွင်ထားကာ အစာရှာသွားပြီး ပြန်လာတိုင်း နို့တိုက်ကျွေးကာ သန့်ရှင်းပေးသည်။ထို့နောက်ရက်အနည်းငယ်ကြာတိုင်းသူ၏ကလေးငယ်များအားခို အောင်းရာနေရာအသစ်သို့ ပြောင်းရွှေ့ပေးသည်၊ သို့မှသာသားရဲများသည် သမင်နံ့

မရကာအန္တရယ်မပြုစေရန်ဖြစ်သည်။ ဤကာလအတွင်းကလေးများ၏ ကျောပြင်တွင် မီးခိုးရောင်၊အဝါရောင်ရှိသော အမွေးအုပ်ကြီးသည် ပေါက်လာသည်။ ဤအရောင်သည် ကလေးများအား ပတ်ဝန်းကျင်၏ အရိပ်များနှင့် ရောထွေးသွားစေရန် ကူညီပေးသည်။ ထို့အပြင်သမင်ကလေးများအား ကြောက်မက်ဖွယ်ကောင်းသော ပျားအုံများကဲ့သို့ပုံပေါက်စေသည်။အခြားသတ္တဝါများသည်ပျားများကိုတိုက်ခိုက်ရန်မနှစ်သက်ကြပေ၊အဘယ်ကြောင့်ဆိုသော်ပျားများသည်အလွန်ရန်မူတတ်သောကြောင့်ဖြစ်ရာသမင်ကလေးများသည် ပိုမိုလုံခြုံကြသည်။

ခြောက်ပတ်အကြာတွင် သမင်ကလေးများသည် သူမ၏မိခင်နှင့်အတူ အစာရှာရန် လုံလောက်သော အရွယ်ရောက်လာကြသည်။ သမင်ကလေးများ အသက် ၁၆ လမှ ၂၄ လကြားရှိသည့်တိုင် သူတို့သည် အချိန်ပြည့်အတူရှိနေကြသည်။ ဤလများအတွင်း မိခင်သည် ကလေးများအား ကာကွယ်ပေးပြီး မိမိကိုယ်ကို ကာကွယ်နည်းကို သင်ပေးသည်။ ကလေးများသည် အဓိကအားဖြင့် သူတို့၏မိခင်ထံမှ အစာရှာနည်းကို သင်ယူကြသော်လည်း တစ်ဦးနှင့်တစ်ဦး ကစား၍တိုက်ခိုက်ခြင်းမှလည်း သင်ယူကြသည်။ သမင်မသည် ဤအရာကိုသိသောကြောင့်ကလေးများသည် ကစား၍ တိုက်ခိုက်ခြင်းကြောင့်ဘယ်သောအခါမှဒုက္ခရောက်ကြခြင်းမရှိပေ။

- ဘုရားသခင်သည်ကျွန်ုပ်တို့အားကာကွယ်စောင့်ရှောက်တော်မူသည်၊သမင်မကသူမ၏ချစ်စရာကောင်းသော ကလေးများကို စောင့်ရှောက်သကဲ့သို့ပင်ဖြစ်သည်။
- သမင်မအား သူမ၏ကလေးများကို ကာကွယ်နည်းကို မည်သူ သင်ပေးသည်ဟု သင်ထင်သနည်း။

## အပတ်စဉ် ၉

## ဗာဗုလုန်မျှော်စင်

### အဓိက သင်ခန်းစာ

ဘုရားသခင်သည်ဘုရားသခင်ကိုမှီခိုကိုးစားရန်(သို့မဟုတ်)မိမိကိုယ်ကိုအားကိုးရန် ကျွန်ုပ်အားရွေးချယ်ခွင့်ပေးထားပါသည်။

### ဤအပတ်အတွက် အဓိကစကားလုံး

အားကိုးအားထားပြုသည်၊တစ်စုံတစ်ယောက်(သို့မဟုတ်)တစ်စုံတစ်ခုကိုယုံကြည် ကိုးစားပြီးအားထားခြင်း။

### ကျမ်းစာပုံပြင်

ဤသင်ခန်းစာကိုမျှဝေရန်ပြင်ဆင်သည့်အခါပြည့်စုံသောဇာတ်လမ်းကလေးတန်းဉ ပုသ်စာဖြေကိုဖတ်ရှုပါ။ ကလေးများ စိတ်ဝင်စားမှု အများဆုံးရရှိရန် ပုံပြင်ကို ကလေးများအား တိုက်ရိုက်ဖတ်ပြခြင်း မပြုပါနှင့်။ကျမ်းစာပုံပြင်ကို လူတိုင်းနား လည်နိုင်ရန် ဘုရားသခင်ထံ ဆုတောင်းပါ။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကျမ်းစာကိုမဖတ်မီ ဘုရားသခင်၏အသက်ရှင်သော နှုတ်ကပတ်တော်မှ သွန်သင်စေရန် ဘုရားသခင်ကို ဖိတ်ခေါ်ဆုတောင်းခြင်း၏ အရေးပါမှုကို သင်ကိုယ်တိုင် စံနမူနာပြသရာရောက်ပါ သည်။

### ပုံပြင်ပြောပြခြင်း

နောနှင့်သူ၏မိသားစုသည်သူတို့၏ပတ်ဝန်းကျင်ကို လှည့်ကြည့်ကြ သည်။ ရေလွှမ်းမိုးပြီးနောက် မြေကြီးသစ်သည် ထူထဲပျစ်ချွဲသော ရွှံ့များဖြင့် လုံးဝဖုံးလွှမ်း နေသည်။ သို့သော် နေရောင်သည် ရွှံ့စေးအားလုံးကို ဖြည်းဖြည်းချင်း ခြောက်သွေ့

စေသည်။ နောနှင့်သူ၏မိသားစုသည်နေအိမ်အသစ်တည်ဆောက်ရန် နေရာတစ်ခု ကို ရှာဖွေတွေ့ရှိကြသည်။ သင်္ဘောအနီးရှိတောင်တန်းများတွင် ခေတ္တတဖြုတ် နေထိုင်ကြသည်။ သူတို့ပတ်ဝန်းကျင် ကမ္ဘာကြီးသည်လုံးဝပြောင်းလဲသွားသည်ကို တွေ့ရသည်။ အပင်များနှင့် သစ်ပင်များသည် မြေကြီးမှပြုတ်ထွက်ပြီး မြေထဲတွင် မြှုပ်ခံရပြီး သို့မဟုတ် ရေစီးနှင့်ပါသွားခြင်းများ ဖြစ်ကြသည်။ ကျောက်ဆောင် များကွဲကျပြီး ကျိုးပဲ့ကြသည်။နောနှင့် သူ၏မိသားစုသည်မည်သည့်အလုပ်ကို စတင်လုပ်ကိုင်ကြမည်နည်း။ (ဤအရာက ဘယ်လိုမျိုးဖြစ်မည်ကို စိတ်ကူးကြည့်ပါ။

ကျောက်တုံးများနှင့် ကျောက်စရစ်ခဲများကို သယ်ဆောင်ပစ်ရန်လိုအပ်သည်။ လယ်ယာလုပ်ရန်အတွက် မြေကိုရှင်းလင်းရမည်။ ရေတွင်းများတူးရမည်။ သစ်တောများနှင့် အပင်များကိုပြန်လည်စိုက်ပျိုးရမည်။ သစ်သီးဥယျာဉ်များနှင့် ဟင်းသီးဟင်းရွက်ဥယျာဉ်များကို တူးပြီး မျိုးစေ့များ ချပေးရမည်။ပင်ပန်း ခက်ခဲသောအလုပ်ဖြစ်သည်။ သို့သော်နောနှင့်သူ၏မိသားစုသည် ပျော်ရွှင်ကျေနပ်နေကြသည်။ သူတို့ဘဝသည်ခက်ခဲသော်လည်းဘာ့ကြောင့်ပျော်ရွှင်နိုင်သနည်းဟု သင်ထင်ပါသလဲ။ ဆာလံ ၁၄၄:၁၅ ကိုဖတ်ပါ။ **ထာဝရဘုရားသည် အကြင်လူမျိုးတို့၏ ဘုရားသခင်ဖြစ်၏။ ထိုလူမျိုးသည် မင်္ဂလာရှိပါ၏။** ဘုရားသခင်ကို အရာရာတိုင်းတွင်မှီခိုအားကိုးလျှင်ပျော်ရွှင်ကျေနပ်နေမှုကိုရရှိသည်။ အခန်းရှေ့တွင် ရေခဲသေတ္တာထဲမှထုတ်ယူလာသော သံပရာရည်/အချိုရည်တစ်ခွက်ကိုထားပါ။ ကလေးတစ်ဦးစီကို စပျစ်သီးခြောက် တစ်လုံး(သို့)စတော်ဘယ်ရီသီးခြောက်တစ်လုံးစီကို ခွက်ထဲထည့်ခိုင်းပါ။ထိုအသီးခြောက်သည်အရည်မျောပေါ်တွင်ပေါ်နေမည်။ခွက်ထဲရှိ စပျစ်သီးခြောက် (သို့) စတော်ဘယ်ရီသီးခြောက်တွင် ဘာဖြစ်သွားသနည်း? ယင်းက ဘုရားသခင်ကို အားကိုးခြင်းအကြောင်း ဘာသင်ကြားပေး သနည်း။ နောနှင့် သူ၏မိသားစုသည် သင်္ဘောမှထွက်ခွာပြီးနောက် ဘဝသစ်ကိုတည်ဆောက် ရသည့်

အခါ ဘုရားသခင်ကို အားကိုးခြင်းဖြင့် "မျောပါနေနိုင်ခဲ့သည်"။ ကျွန်ုပ်တို့ သည် ဘုရားသခင်နှင့် ကျမ်းစာထဲတွင် ကိုယ်တော်ပေးထားသော ကတိတော်များကို အားကိုးသောအခါ ခက်ခဲသောအချိန်များ သို့မဟုတ် စိန်ခေါ်မှုများ အတွင်း "မျောပါ နေနိုင်ပြီး" ပျော်ရွှင်ကျေနပ်နေနိုင်သည်

ကျွန်ုပ်တို့သည် ဘုရားသခင်ကို အားကိုးရန်ရွေးချယ်ရန် လိုအပ်သည့် အခြေ အနေများကား အဘယ်နည်း။ (မိတ်ဆွေဖွဲ့ခြင်းဆိုင်ရာ အခက်အခဲများ၊ ကျောင်းတွင် ခက်ခဲသောသင်ခန်းစာများ၊ အမှားတစ်ခုခုလုပ်ရန် ဖြားယောင်းသွေးဆောင်ခြင်းများ စသည်)အချိန်ကုန်လွန်လာသည်၊ နောဧ၏မိသားစုသည် ကြီးမားလာသည်။ ဖခင် နောဧသည် လူအားလုံးကို စုရုံးပြီး ဘုရားသခင်ကို ကိုးကွယ်ခြင်းကို နှစ်သက်သည်။ ရေလွှမ်းမိုးမှုမတိုင်မီက လှပသောကမ္ဘာ၊ သဘော်ပေါ်ကဘဝနှင့် ဘုရားသခင်၏ သက်တံ့ကတိတော်အကြောင်း အံ့ဖွယ်သောပုံပြင်များကို သူပြောပြသည်။ သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ အချို့လူများသည် သူ၏ပုံပြင်များကို နားထောင်ရန် ငြီးငွေ့လာကြသည်။ သူတို့၏ကိုယ်ပိုင်နည်းလမ်းအတိုင်း လုပ်ဆောင်လိုကြသည်။

ဘုရားသခင်ကို မဟုတ်ဘဲ မိမိကိုယ်ကိုနှင့်မိမိ၏ ထင်မြင်ချက်များကိုသာ အားကိုးကြသည်။နောဧသည်ဝမ်းနည်းစွာဖြင့် ချစ်ခြင်းမေတ္တာရှင်ဖန်ဆင်းရှင်ထံသို့ သူတို့ကို ပြန်ခေါ်ရန် ကြိုးစားခဲ့သည်။ ဘုရားသခင်နှင့် နောနှေစ်ဦးစလုံးသိသည်မှာ လူတိုင်းသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုခံစားရပါက သူတို့သည်ပျော်ရွှင်ပြီး ဘုရားသခင်ကိုသူတို့၏ချစ်ခြင်းဖြင့်တုံ့ပြန်ကာဘုရာ’စကားကိုနားထောင်ကြမည်ဖြ စ်သည်။ ဘုရားသခင်သည် သူတို့အား ဘာထပ်မှတ်မိစေလိုသနည်း။ တရားဟော ရာကျမ်း ၇:၉ ကိုဖတ်ပါ။ (ဘုရားသခင်သည် သစ္စာရှိ၍ ကရုဏာတော်နှင့်ပြည့်စုံပြီး ကတိတော်ကို စောင့်ရှောက်တော်မူသည်။) သို့သော် နောဧ၏မိသားစုထဲမှ အချို့

သည် ထာဝရဘုရားကို မယုံကြည်ကြဘဲ တောင်တန်းများမှထွက်ခွာပြီး မြက်ခင်းပြင်များဆီသို့ရွှေ့ပြောင်းကြသည်။ ထိုဒေသသည်မြေဆီလွှာကောင်း၍ ဥယျာဉ်များစိုက်ပျိုးရန်အတွက် အလွန်ကောင်းမွန်ပြီး အနီးအနားရှိမြစ်တွင် ရေချိုအလုံအလောက်ရှိသည်။

ပတ်ဝန်းကျင်ရှာဖွေကြည့်ရှုရာတွင် ကျောက်မီးသွေးရည်များကိုလည်းတွေ့ရှိကြသည်။ ပြီးပြည့်စုံသော ဆောက်လုပ်ရေးပစ္စည်းများကို ရှာဖွေတွေ့ရှိသည့်အတွက်သူတို့ကိုယ်သူတို့အလွန်တော်သည်ဟုထင်မှတ်ကြသည်။ မကြာမီပင် လှပသောအိမ်ကြီးများ၊ ချောမွတ်သောလမ်းများ၊ ဆိုင်များ ပေါ်ထွန်းလာသည်။ ဤနေရာတွင် လှပသောမြို့တစ်မြို့ကို သူတို့တည်ဆောက်ကြသည်။ သူတို့ကိုယ်သူတို့ အလွန်တော်ပြီး အကြီးမြတ်ဆုံးဖြစ်သည်ဟု သူတို့ထင်ကြသည်။ လူများကိုကမ္ဘာတစ်ဝှမ်းပျံ့နှံ့စေရန် ဘုရားသခင်၏အကြံအစည်ဖြစ်သော်လည်း သူတို့သည် သူတို့ဂုဏ်ယူဝင့်ကြွားရာလှပသောမြို့တွင်နေထိုင်လိုကြသည်။ဘုရားသခင်သို့မဟုတ်သက်တံ့ကတိတော်ကို သူတို့မယုံကြည်ကြ။ ဘုရားသခင်ကိုအားကိုးမည့်အစား မိမိကိုယ်ကိုသာအားကိုးရန်ဆုံးဖြတ်ကြသည်။ သူတို့တွင်ကြီးမားသောအကြံအိုင်ဒီယာ တစ်ခုကိုရရှိလာသည်။

ရေလွှမ်းမိုးမှုနောက် တစ်ကြိမ်မှသူတို့ကိုယ်သူတို့ကာကွယ်နိုင်ရန် အလွန်မြင့်မားလွန်းအောင် မြင့်သော မျှော်စင်ကြီးတစ်ခုကို တည်ဆောက်ဘို့ရန် ကြံစည်ကြသည်။ သဲများကို ဂေါ်ပြားများဖြင့်တူးသည်။ အုတ်ခဲများကို ပြုလုပ်ပြီး နေရောင်ဖြင့် အခြောက်လှန်းကာ စေးကပ်သော ကျောက်မီးသွေးရည်ဖြင့် နေရာချထားသည်။ မျှော်စင်ကြီးတစ်ခု စတင်ပုံပေါ်လာသည်။ ၎င်းသည် မြင့်မြင့်မားမားသို့ ရောက်ရှိသွားသည်။ လူများသည်သူတို့ကိုယ်သူတို့အလွန်အမင်းဂုဏ်ယူလာကြသည်။ အချို့သည်

ဘုရားသခင်ထက် ပိုမိုတန်ခိုးကြီးသည်ဟု ယုံကြည်လာကြသည်။ အခြားသူများကမူ ကိုယ်တော် တည်ရှိသည်ကိုပင် မယုံကြည်ကြပေ။

ဘုရားသခင်သည်သူ၏လူများကိုချစ်တော်မူသည်။ သူ၏သားတော် ကယ်တင်ရှင် ယေရှုသည် တစ်နေ့နေ့တွင်ကမ္ဘာသို့လာရောက်ပြီး သူ၏သားသမီးများကို အပြစ်မှကယ်တင်မည်ဖြစ်သည်။ ကိုယ်တော်၏ချစ်ခြင်းမေတ္တာ လူများသိစေလိုသည်။ ထို့ကြောင့် ဘုရားသခင်သည် ဘာလုပ်တော်မူသနည်း။ ကမ္ဘာဦးကျမ်း ၁၁:၇ ကိုဖတ်ပါ။ သူတို့၏ဘာသာစကားကို ရောထွေးစေတော်မူသည်။ အရာအားလုံးသည် ရောထွေးပြီး အခြေအနေဆိုးရွားသည်။ တစ်စုံတစ်ဦးက အုတ်ခဲတောင်းသောအခါ စေးကပ်သော ကျောက်မီးသွေးရည်ကို ပေးမိနိုင်သည်။ နောက်ထပ်တည်ဆောက်သူတစ်ဦးက တူတောင်းသောအခါ ဂေါ်ပြားကိုပေးမိနိုင်သည်။ မကြာမီမျှော်စင်တစ်လျှောက် အမျက်ထွက်သည့်ရန်ပွဲများ ဖြစ်ပွားလာသည်။ ထို နည်းအတိုင်းပင် မျှော်စင်ဆောက်လုပ်ရေးအလုပ်သည် ရပ်တန့်သွားသည်။

ထိုမြို့ကို "ဗာဗုလုန်" (ကမ္ဘာဦးကျမ်း ၁၁:၉) ဟုခေါ်သည်၊ ယင်းသည် ဟေဗြဲစကားလုံး၏အဓိပ္ပါယ် "ရောထွေးခြင်း" (balal) ဖြစ်သည်။ထို့နောက် ဘုရားသခင်သည် မျှော်စင်ထိပ်ကို ချိုးဖဲ့ပစ်ရန် ကြီးမားသော လျှပ်စီးလက်ခြင်းကို စေလွှတ်တော်မူသည်။ တဖြည်းဖြည်းနှင့်လူများတို့သည်ဘာသာစကားတူ အချင်းချင်းတွေ့ရှိကာအတူတကွနေထိုင်လာကြသည်။ ဤအုပ်စုများသည် ခွဲထွက်သွားပြီး "မြေပြင်တစ်ခုလုံးကို ပြည့်စေကြသည်" (ကမ္ဘာဦးကျမ်း ၉:၁) နောနှင့် သူ၏သားများသည်လည်း ဘုရားသခင်မိန့်တော်မူသည့်အတိုင်း ပျံ့နှံ့သွားကြသည်။ ဘုရားသခင်သည် သူတို့၏မိတ်ဆွေအဖြစ် ကိုယ်တော်ကိုပြန်လည်အားကိုးရန် သင်ယူနိုင်စေရန် သူတို့အား အခွင့်အရေးသစ်ပေးတော်မူသည်ကို နှစ်သက်တော်မူသည်။

## ပုံပြင် - ပြင်သစ်စာသင်ယူခြင်း

**အာရုံစိုက်ရန်** - အရေးကြီးပြီး ခက်ခဲသောအရာကို သင်ယူရန် ဘုရားသခင်ကို ကျွန်ုပ်တို့အားကိုးနိုင်သည်။

**တည်နေရာ** -ကလေးအား သင်၏ကမ္ဘာလုံးသို့မဟုတ် ကမ္ဘာမြေပုံပေါ်တွင် ဘယ်ဂျီယမ်နိုင်ငံကို ရှာဖွေပြပါ။ သင့်ဆရာပြောသမျှစကားလုံးတိုင်းကို နားမလည်နိုင်သည့်အခြေအနေကို စိတ်ကူးကြည့်ပါ။

ဘယ်ဂျီယမ်နိုင်ငံ၊ဘရပ်ဆဲမြို့တွင် ကျောင်းစတက်သည့်အခါ Linda တွက် ထိုသို့သောအခြေအနေဖြစ်နေသည်။ သူမ၏မိခင်သည် သူမကို ပြင်သစ် စကားပြောသော ကျောင်းတစ်ကျောင်းတွင် စာရင်းသွင်းပေးထားသည်။ Linda သည် ပြင်သစ်စကားကို လုံးဝမသိနားမလည်ပေ။ သူမသည် ဒေသစကားနှင့် စပိန်စကားကို ပြောနိုင်သည်။ ကျောင်းစတင်ပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် Linda ၏ဆရာမ Miss Cathy သည် ပြင်သစ်စကားနားမလည်သည့်အတွက် Lindaသည် ကျောင်းတွင် အခက်အခဲရှိနေကြောင်း Linda ၏မိခင်အား ပြောပြသည်။မိခင်သည် အိမ်တွင် Linda အား ပြင်သစ်စာသင်ယူရန် ကူညီရန် ကမ်းလှမ်းသည်။ ညနေခင်းတိုင်း မိခင်နှင့် Linda တို့သည် Linda ပြင်သစ်စာသင်ယူရန် ကူညီနိုင်ရန် ဘုရားသခင်ထံ ဆုတောင်းကြသည်။ ထို့နောက် အတူတကွကြိုးစားလေ့လာကြသည်။တစ်ပတ်အတွင်းမှာပင် Miss Cathyသည် Linda ၏ ပြင်သစ်စာ တိုးတက်လာသည် ကိုသတိထားမိလာသည်။ သူမသည်ကလေးများအားလုံးထဲတွင် အမြင့်ဆုံးအမှတ်ရရှိခဲ့သည်။ ထိုညနေခင်းတွင် Miss Cathy သည် Linda ၏မိခင်အား Linda မည်ကဲ့သို့ တစ်ပတ် အတွင်း ဤမျှမြန်မြန်တိုးတက်လာသနည်းဟု မေးမြန်းသည်။ "ကျွန်မတို့ အရာနှစ်ခု လုပ်ခဲ့ပါတယ်" ဟု မိခင်က ပြန်လည်ဖြေကြားခဲ့သည်။ "ကျွန်မတို့ဆုတောင်းပြီး

အတူတူကြိုးစား ခဲ့ကြပါတယ်။"ရက်သတ္တပတ်အနည်းငယ်အကြာတွင် အတန်းက ပြင်သစ်စာစစ်ဆေးချက်ဖြေသောအခါ Linda သည် ထပ်မံ၍ အတန်းထဲတွင် အမြင့်ဆုံးအဆင့်ရရှိခဲ့သည်။ထိုအခါ Miss Cathy က သူမ၏မိခင်အား Linda မည်ကဲ့သို့ ဤမျှမြန်မြန်တိုးတက်လာသနည်းဟု ထပ်မံမေးမြန်းပြန်သည်။ ထိုအခါ Linda၏မိခင်က "ကျွန်မတို့ ဆုတောင်းပြီး အတူတူကြိုးစားခဲ့ကြပါတယ်" ဟု ထပ်တူထပ်မံဖြေကြားခဲ့သည်။ Linda နှင့် သူမ၏မိခင်သည် မိမိတို့ ဘုရားသခင်ကို အားကိုးလိုက်သောအခါ Linda အား ပြင်သစ်စာမြန်မြန်သင်ယူနိုင်ရန် ဘုရားသခင်က ကူညီပေးနေသည်ကို ကျေးဇူးတင်ဝမ်းမြောက်စွာခံစားရသည်။ ဤအကြောင်းကို Miss Cathy အားလည်း မျှဝေပြောပြနိုင်ခဲ့သည်ကိုလည်း ဝမ်းသာမိသည်။ တစ်နေ့နေ့တွင် သူမလည်း ဘုရားသခင်ကိုချစ်ပြီး ကိုယ်တော်ကို အားကိုးတတ်လာမည်ဟု မျှော်လင့်မိသည်။ ဤအပတ်အတွင်း သင်သည် ဘုရားသခင်အား မည်သည့်အရာအတွက် ကူညီရန် အားကိုးမည်နည်း။

## အပတ်စဉ် (၁၀)

## ဘုရားသခင်၏ လမ်းညွှန်မှုကို အာဗြံ ခံယူခြင်း

### အဓိက သင်ခန်းစာ

ကျွန်ုပ်သည်ဘုရားသခင်၏ မိတ်ဆွေဖြစ်သည့်အတွက် အခြားသူများကိုလည်း ဘုရားသခင်၏အကြောင်း ပြောပြပါမည်။

## ဤအပတ်အတွက် အဓိကစကားလုံး

**မျိုးဆက်** - ယခင်က ရှိခဲ့သောလူတစ်ဦး သို့မဟုတ် လူစုတစ်စုမှ ဆင်းသက်လာသူ (ဥပမာ - သား၊ သမီး၊ မြေး၊ တီတေး)။ ဤပုံပြင်ကိုမျှဝေရန်ပြင်ဆင်သည့်အခါ ပြည့်စုံသော ဇာတ်လမ်းအတွက်ကလေးတန်းဥပုသ်စာဖြေစာအုပ်ဖတ်ရှုပါ။ ကလေးများ စိတ်ဝင်စားမှု အများဆုံးရရှိရန် ပုံပြင်ကို ကလေးများအား တိုက်ရိုက်ဖတ်ပြခြင်း မပြုပါနှင့်၊ကျမ်းစာပုံပြင်ကို လူတိုင်းနားလည်နိုင်ရန် ဘုရားသခင်ထံ ဆုတောင်းပါ။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကျမ်းစာကိုမဖတ်မီ ဘုရားသခင်၏အသက်ရှင်သော နှုတ်ကပတ်တော်မှ သွန်သင်စေရန် ဆုတောင်းခြင်း၏ အရေးပါမှုကို သင်ကိုယ်တိုင် စံနမူနာပြသရာရောက်ပါသည်။

## ပုံပြင်ပြောပြခြင်း

အာဗြံသည်တေရဟုအမည်ရှိသော ချမ်းသာကြွယ်ဝပြီး နာမည်ကျော် သိုးထိန်းတစ်ဦး၏ သားဖြစ်သည်။ သူတို့သည်ကြီးမားစည်ကားသော ဥရမြို့တွင် နေထိုင်ကြပြီးထိုမြို့သူမြို့သားများသည်ရုပ်တုများကိုကိုးကွယ်ကြသည်။ အာဗြံငယ်စဉ်က သူ၏ဖခင်တေရသည်ဘုရားသခင်၏ကြီးမားသောချစ်ခြင်းမေတ္တာနှင့် မိမိတို့၏ မိသားစုကြီးအားဘုရားသခင်စောင့်ရှောက်ပုံကိုပြောပြသည်။ ဘိုးဘေးနောနှေင့် ရေလွှမ်းမိုးမှု၊ နောက်၊ အာဒံနှင့်ဧဝ အကြောင်းများကို ဆွေးနွေးပြောဆိုသည်။ မိသားစုဆက်ခံသူများအကြောင်း ထည့်သွင်းပြောပါ။ အာဗြံသည် သူ၏မိသားစု များကို ဘုရားသခင်အပေါ် သစ္စာရှိသူ၊ ကောင်းမြတ်သောသူ၊ ကြင်နာတတ်သူ ဖြစ် လိုသည်။ မြို့တွင်ရှိသောလူများစွာတို့သည် ရုပ်တုများကို ကိုးကွယ်နေကြစဉ် အာဗြံမှာမူ ထိုအရာများကိုမကိုးကွယ်ပေ။ ရုပ်တုကိုကိုးကွယ်ခြင်းက မည်သည့်အကျိုးရှိ မည်

နည်း။ အာဗြံသည် ဘုရားသခင်နှင့်စကားပြောဆိုပြီး သူ၏စကားကို နားထောင် ကာ စဉ်းစားဆင်ခြင်သည်။ သူသည် ဘုရားသခင်အား ယုံကြည်သည်။ ကျမ်းစာတွင် အာဗြံအား မည်သို့ခေါ်ဝေါ်သနည်း။ ယာကုပ် ၂:၂၃ ကိုဖတ်ပါ။ (ဘုရားသခင်၏ မိတ်ဆွေ) ဘုရားသခင်၏ မိတ်ဆွေဖြစ်ခြင်းသည် အလွန်လှပသော အရာဖြစ်သည်။

ဘုရားသခင်သည် သူ၏သစ္စာရှိသောမိတ်ဆွေ အာဗြံအားသူ့အတွက် ကြီးမားသောအရာနှင့်ချစ်ခြင်းမေတ္တာနှင့် ပြည့်သောအမှုကိုဆောင်ရွက်ရန် ရွေးကောက်တော်မူသည်။ မကောင်းမှုဒုစရိုက်များသည် ကမ္ဘာတစ်ဝှမ်းပြန့်နှံ့နေပြီဖြစ်ရာ ဘုရားသခင်သည် ထိုကိစ္စအတွက် အာဗြံ၏အကူအညီကို လိုအပ်နေသည်။ တစ်နေ့သောအခါ အာဗြံသည် ဘုရားသခင်၏ " သင်၏ပြည်နှင့်တကွ အမျိုးသားချင်း ပေါက်ဘော်များထဲက ထွက်ပြီးလျှင်၊ ငါပြလတံ့သောပြည်သို့သွားလော့။ (ကမ္ဘာဦး ၁၂:၁) ဟူသော အမိန့်တော်ကိုကြားရသည်။ အလွန်ကြီးမားသော တောင်းဆိုမှု တစ်ရပ်ဖြစ်သည်။ အာဗြံသည် ဇနီး၊ အိမ်၊ ကျွန်များနှင့် တိရစ္ဆာန်များ ပိုင်ဆိုင် သည့် ချမ်းသာသောသူဖြစ်သည်။လူများက သူ့အားရူးသွပ်မိုက်မဲသည်ဟု ထင်ကောင်း ထင်ကြမည်။ သို့သော် အာဗြံသည် ဘုရားသခင်အား မေးခွန်းထုတ်ခြင်း မပြုပေ။ ယခင်က ဘုရားသခင်၏ အသံတော်ကို သံသယမရှိခဲ့သကဲ့သို့ ယခုလည်း သံသယ မရှိပေ။ သူသည် သူ၏မိတ်ဆွေဘုရားသခင်၏ စကားကိုနားထောင်မည် ဖြစ်သည်။ ဘုရားသခင်က အိမ်မှထွက်ခွာရန် တောင်းဆိုသောအခါ အာဗြံမည်ကဲ့သို့ ခံစားရမည်ထင်သနည်း။ စိတ်လှုပ်ရှား၊ ကြောက်ရွံ့၊ မသေချာ၊ စိတ်အားထက်သန်၊ ယုံကြည်စိတ်ချ။

- သင်ဆိုလျှင် မည်ကဲ့သို့ခံစားရမည်နည်း။

• အာဗြံသည် ဘုရားသခင်ပြောဆိုသောစကားကိုဘာ့ကြောင့်နားထောင်နိုင်သည်ဟု သင်ထင်သနည်း။ ဆုတောင်းနေစဉ် ဘုရားသခင်၏စကားကိုနားထောင်ပါ။ ဘုရားသခင်၏ အသံတော်ကို ကြားရမည်။)

အာဗြံပြုခဲ့သကဲ့သို့ကျွန်ုပ်တို့အားလုံးသည်ဘုရားသခင်၏မိတ်ဆွေများဖြစ်နိုင်သည်။သူ၏ချစ်ခြင်းမေတ္တာသည်အလွန်ကြီးမားသဖြင့် ကမ္ဘာပေါ်ရှိသန်းပေါင်းများစွာသောသူများ၏မိတ်ဆွေလည်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည်ဘုရားသခင်နှင့်ရင်းနှီးသောမိတ်ဆွေများဖြစ်လာသောအခါ အချိန်ကြာလာသည်နှင့်အမျှကျွန်ုပ်တို့အား ဘုရားသခင်ပြောဆိုသည်ကိုအသိအမှတ်ပြုတတ်လာမည်။ ဘုရားသခင်သည်ကျမ်းစာမှတစ်ဆင့်၊ကိုယ်တော်ကိုချစ်သော လူကြီးများမှတစ်ဆင့်၊ကျွန်ုပ်တို့၏ အတွေးများမှတစ်ဆင့်ကျွန်ုပ်တို့ကို စကားပြောဆိုနိုင်သည်။ ဘုရားသခင်သည် အာဗြံအားထပ်မံပြော ဆိုသည်။ ဘုရားသခင်က မည်သို့ပြောသနည်း။ ကမ္ဘာဦး ၁၂:၂ ကိုဖတ်ပါ။ (ငါသည် သင့်အားကောင်းချီးပေးပြီး ကြီးမားသောလူမျိုးဖြစ်စေမည်။) ပထမဦးစွာကလေးတစ်ဦးရရှိမည့် ကတိတော်ဖြစ်ပြီး၊ ဒုတိယအနေဖြင့် များပြားလှစွာသော သားမြေးတိုးပွားမည့် ကတိတော်ဖြစ်သည်။

နောက်ပိုင်းတွင်ဘုရားသခင်သည်အာဗြံအား အပြင်သို့မှောင်မိုက်နက်နေသောညထဲသို့ခေါ်ဆောင်သွားသည်။ "မိုဃ်းကောင်းကင်ကိုကြည့်လော့။ ကြယ်တို့သည်မရေတွက်နိုင်အောင်များလှ၏။ သင်၏အမျိုးအနွယ်သည်လည်း ဤကဲ့သို့ပင်ဖြစ်လိမ့်မည်" (ကမ္ဘာဦး ၁၅:၅)။အာဗြံသည် ကျေးဇူးများစွာခံစားရသည်။ ဘုရားသခင်သည် သူ့အားကောင်းချီးမင်္ဂလာပေးပြီးနောက် လူများစွာအားကောင်းချီးပေးလိမ့်မည်။ ထိုသူများသည်အာဗြံပြုခဲ့သကဲ့သို့ အခြားသူများအား ဘုရားသခင်အကြောင်းပြသရန် ကြယ်များကဲ့သို့ တောက်ပကြလိမ့်မည်။ သူသည် မိမိ၏ချစ်ခြင်း

မေတ္တာရှင်ဘုရားသခင်၏ သဘောသဘာဝကို ပြသရန် နေထိုင်ပြောဆိုရန် အမြဲကြိုးစားခဲ့သည်။ ယခုအခါ ဘုရားသခင်သည် အာဗြံအားဖြင့်ကမ္ဘာတစ်ဝှမ်းလုံးအား ပြသရန် ကူညီမည်ဖြစ်သည်။

အာဗြံနှင့် သူ၏အိမ်သူအိမ်သားများသည် ရှေ့ဆက်သွားရမည့်ခရီးအတွက် အလုပ်ရှုပ်နေကြသည်။ နွားများနှင့်သိုးများကို စုရုံးသည်။ ပစ္စည်းများထုတ်ပိုးသည်။ မြည်းများနှင့်ကုလားအုပ်များကိုဝန်တင်သည်။ ထို့နောက် အာဗြံသည် သူ၏မိတ်ဆွေများနှင့် အိမ်နီးချင်းများအား နှုတ်ဆက်သည်။ သူသည် သူ၏သစ္စာရှိဘုရားသခင်နောက်သို့လိုက်ရန် ထွက်ခွာသွားခြင်းဖြစ်သည်။နောက်ဆုံးတွင် သူတို့သည် ဟာရန်မြို့တွင်ရပ်နားကြသည်။ ဥရမြို့တွင်နေထိုင်ခဲ့သကဲ့သို့ပင်အာဗြံသည် ကြင်နာကောင်းမြတ်သောဘာဝဖြင့် နေထိုင်ပြီး မြို့သူမြို့သားများအား ဘုရားသခင်အကြောင်း သွန်သင်သည်။ ခဏကြာသောအခါ ဘုရားသခင်သည် အာဗြံအား ဟာရန်မှထွက်ခွာပြီး ခါနန်ပြည်သို့သွားရန် မိန့်တော်မူသည်။

သူတို့သည်ခါနန်ပြည်သို့ရောက်သောအခါ အာဗြံသည် အနားယူရန်ရပ်နားသည်။ ဘုရားသခင်က "ဤပြည်ကို သင်၏အမျိုးအနွယ်အား ငါပေးမည်" (ကမ္ဘာဦး ၁၂:၇) ဟု မိန့်တော်မူသည်။ အာဗြံသည် ဂျုံခင်းများ၊ စပျစ်နွယ်ပင်များနှင့် သံလွင်ပင်များကို ကြည့်ရှုကာ ဘုရားသခင်သည် အလွန်ကောင်းမြတ်တော်မူကြောင်း ခံစားရသည်။ အာဗြံသည် ဘုရားသခင်၏ ကောင်းမြတ်မှုအား မည်ကဲ့သို့တုံ့ပြန်သနည်း။ ကမ္ဘာဦး ၁၂:၇ ကိုဖတ်ပါ။ (ပလ္လင်တစ်ခုဆောက်ပြီး ဘုရားသခင်အား ကိုးကွယ်သည်။ အာဗြံသည် ဤကတိတော်ရပြည်သစ်တွင် ဘုရားသခင်အား ကိုးကွယ်သည်။ သူသည် နေရာတိုင်းရှိလူတိုင်းအား သူသည် ဘုရားသခင်၏မိတ်ဆွေဖြစ်ကြောင်း ပြသခဲ့သည်။

**သဘာဝသင်ခန်းစာ - အာရုံစိုက်ရန် -**

စူဂါဂလိုက်ဒါသည်ပိုင်ရှင်၏အသံကိုအသိအမှတ်ပြုတတ်လာသကဲ့သို့ကျွန်ုပ်တို့လည်းဘုရားသခင်၏အသံတော်ကို နီးကပ်စွာနားထောင်သောအခါ အသိအမှတ်ပြုနိုင်သည်။

•သစ်ပင်တစ်ပင်မှတစ်ပင်သို့ပျံသန်းရသည်မှာမည်မျှ ပျော်စရာကောင်း မည်နည်း။ သင်တစ်ခါတရံစဉ်းစားဖူးပါသလား။

စူဂါဂလိုက်ဒါဟုခေါ်သော သေးငယ်သည့်သတ္တဝါလေးအကြောင်း လေ့လာကြည့်ကြရအောင်။ (ပုံပြပါ။)စူဂါ ဂလိုက်ဒါများသည် ပျံသန်းနေသော ဩစတြေးလီးယား ဝက်ဝံကလေးများနှင့် အနည်းငယ်ဆင်တူသည့် သစ်ပင်ပေါ်နေနို့တိုက်သတ္တဝါကလေးများဖြစ်သည်။ သစ်ကိုင်းများအကြား ခုန်ပေါက်ရန် ဝေးကွာလွန်းသောအခါ ၎င်းတို့သည် လေထဲသို့ခုန်ချပြီး ခြေလက်များကိုဖြန့်ကားလိုက်သည်။ ရှေ့နှင့်နောက်ခြေထောက်များကြားရှိ လျော့ရဲသောအရေပြားသည် လေကိုဖမ်းယူသည့် ခွက်ပုံသဏ္ဍာန်မျက်နှာပြင်ဖြစ်ပေါ်စေပြီး ဂလိုက်ဒါအား အခြားသစ်ပင်တစ်ပင်ဆီသို့ ရွှေ့လျားစေသည်။ ၎င်းသည် ပေ ၁၅၀ (မီတာ ၄၆) ခန့်အထိ ရွှေ့လျားနိုင်သည်။ သူတို့သည်အလွန်အေးချမ်းသောသတ္တဝါဖြစ်သည်။ သူတို့ကိုမြင်ဖို့ဆိုရင် ညနက်ချိန်ထိ နေရမည်။ သူတို့သည် ညဘက်မှထွက်ပြီး သစ်သီးများ၊ ပိုးမွှားများနှင့် အရွက်များကို စားသောက်လေ့ရှိလို့ပါ။ သူတို့မှာ ညဘက်မြင်ကွင်းကောင်းစေသော မျက်လုံးကြီးများရှိသည်။ ထို့အပြင် အကြားအာရုံလည်းကောင်းမွန်သည်။ ကြောင်များကဲ့သို့လှည့်ပတ်နိုင်သော ကြီးမားပျော့ပျောင်းသည့် နားရွက်ကြီးများရှိပြီးသားရဲကောင်ကိုချဉ်းကပ်သံ သို့မဟုတ် သစ်ပင်များအကြားရှိ အငယ်ဆုံးအသံကိုပင် အလွယ်တကူကြားနိုင်သည်။ ဆက်သွယ်ရန် ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး ညင်သာ

စွာ အသံလှုပ်ပြောဆိုကြပြီး တစ်ကြိမ်လျှင် တစ်ကောင်ကသာ အသံထွက်ပြော ဆိုကာအခြားဂလိုက်ဒါများကနားထောင်ကြသည်။ ၎င်းတို့၏အသက်ရှင်မှုသည် မြင်နိုင်စွမ်းနှင့်နားထောင်နိုင်စွမ်းအပေါ်မူတည်သည်။ စူဂါဂလိုက်ဒါကိုအိမ်မွေး တိရစ္ဆာန်အဖြစ်မွေးမြူပါကပိုင်ရှင်၏အသံကို အသိအမှတ်ပြုနားထောင်ရာတွင် အလွန်ကျွမ်းကျင်လာသည်။ထို့အတူအာဖြဲသည်လည်းဘုရားသခင်၏အသံတော်ကိုအသိအမှတ်ပြုနားထောင်ရာတွင်ကျွမ်းကျင်လာခဲ့သည်။ ကျွန်ုပ်တို့သည်ကိုယ်တော်၏ နှုတ်ကပတ်တော်ကိုဖတ်ရှုပြီးဆုတောင်းခြင်းအားဖြင့် ကိုယ်တော်နှင့်စကားပြော နားထောင်ကာ ဘုရားသခင်၏အသံတော်ကို အသိအမှတ်ပြုနားထောင်တတ်အောင် သင်ယူနိုင်သည်။ စူဂါဂလိုက်ဒါကဲ့သို့ ငြိမ်သက်စွာနေပြီး အာရုံစိုက်ရန်သာလိုသည်။ ဘုရားသခင်၏အသံတော်ကိုအသိအမှတ်ပြုနားထောင်နိုင်ရန်ကိုယ်တော်ထံမှအကူအညီမှီတောင်းခံကြရအောင်

## အပတ်စဉ် (၁၁)

## အာဖြဲနှင့် လောတ

**အဓိက သင်ခန်းစာ**

ဘုရားသခင်သည်ကျွန်ုပ်၏မိတ်ဆွေဖြစ်တော်မူပါက၊အခြားသူများကိုဦးစားပေးရန်ကိုယ်တော်ကကူညီပေးမည်ဖြစ်သည်။

**ဤအပတ်အတွက် အဓိကစကားလုံး**

**အတ္တမပါသော** - မိမိထက် အခြားသူများကို ပိုမိုဂရုစိုက်ခြင်း (သို့) ပြသခြင်း။ ယနေ့ ကျမ်းစာပုံပြင်ကိုလူတိုင်းနားလည်းနိုင်ရန်ဘုရားသခင်ထံဆုတောင်းပါ။ထိုသို့ပြုလုပ် ခြင်းဖြင့်ကျမ်းစာကိုမဖတ်မီဘုရားသခင်၏အသက်ရှင်သောနှုတ်ကပတ်တော်မှသွန် သင်စေရန်ဆုတောင်းခြင်း၏အရေးပါမှုကို သင်ကိုယ်တိုင်စံနမူနာပြသရာရောက်ပါ သည်။

## ပုံပြင်ပြောပြခြင်း

အာဗြံနှင့် စာရာတို့သည် ဘုရားသခင်၏ ကြီးကျယ်သောခရီးတွင် လိုက်ပါ ရန် ဥရမြို့မှထွက်ခွာလာသောအခါ အာဗြံ၏တူလောတကိုပါ ခေါ်ဆောင်လာခဲ့ သည်။ လောတ၏ဖခင်သည် ကွယ်လွန်ခဲ့ပြီးဖြစ်၍ အာဗြံသည်သူ၏တူလောတကို ကြည့်ရှုစောင်မခဲ့သည်။ သူတို့အားလုံးခါနန်ပြည်သို့အတူတကွ ရောက်ရှိလာသော အခါ လောတသည်ဦးလေးအာဗြံနှင့်နီးသော နေရာတွင်စခန်းချရန်ရွေးချယ်ခဲ့သည်။ သိုးနွားများစားကျက်ကောင်းသော စိမ်းလန်းသော မြက်ခင်းပြင်များရှိရာသို့ ရွှေ့ ပြောင်း ခဲ့ကြသည်။နေရာသစ်ရောက်တိုင်းတွင် အာဗြံသည်ယဇ်ပလ္လင်ကို ဆောက် လုပ်ပြီး လူတိုင်းဘုရားသခင်ကို ကိုးကွယ်နိုင်စေခဲ့သည်။ နေရာအသစ်သို့ ပြောင်းရွှေ့ သောအခါတိုင်းအာဗြံ၏ ဘုရားသခင်အပေါ်နက်ရှိုင်းသော ချစ်ခြင်းမေတ္တာအတွက် အမှတ်တရအဖြစ်ယဇ်ပလ္လင်များချန်ထားခဲ့သည်။ ရက်များကြာလာသည်နှင့် အမျှ ယဇ်ပလ္လင်များသည်တစ်ပြည်လုံးတွင် မှတ်တိုင်များအဖြစ် ကျန်ရစ်ခဲ့သည်။ ယဇ် ပလ္လင် တစ်ခုစီသည် ထိုနေရာတွင် ဘုရားသခင်ကို ကိုးကွယ်ခဲ့ကြောင်း အခြားခရီး သွားများအား တိတ်တဆိတ်ပြောပြနေသည်။ တစ်ခါတရံ သူတို့သည်လည်း ယဇ် ပလ္လင်များတွင် ရပ်တန့်ကာ ကိုးကွယ်ကြသည်။

မကြာမီ အာဗြံ၏သိုးနွားများရွှေ၊ ငွေတို့နှင့် ကြွယ်ဝချမ်းသာ (ကမ္ဘာဦး ၁၃:၂) လာခဲ့သည်။ ယခုအခါ သူတို့၏ အိမ်ထောင်စုများသည် အလွန်ကြီးမားလာသည်။ သူတို့၏ ဘဝသည် ကောင်းမွန်လာသည်။သို့သော် မကြာခင်တွင်တောင်ကုန်းများမှ သိုးထိန်းများအကြားအမျက်ထွက်သောအသံများနှင့်ညစာစားပွဲတွင်စိတ်ဆိုးဖွယ်တီးတိုးစကားများကြားလာရသည်။ပြဿနာက အဘယ်နည်း။ ကမ္ဘာဦး ၁၃:၆ ကိုဖတ်ပါ။ (သူတို့အားလုံးအတွက် စားကျက်မြေမလုံလောက်တော့ပါ။) များပြားလှစွာသော တိရစ္ဆာန်များနှင့် လူများအတွက်မြက်ခင်းမလုံလောက်တော့ပေ။ အမျက်ဒေါသများ တိုက်ခိုက်လာပြီး ရန်ပွဲများ စတင်ဖြစ်ပွားလာသည်။အာဗြံသည် ဤပြဿနာ အတွက် ဆုတောင်းခဲ့ပြီး ဘုရားသခင်သည် မည်သို့ပြုလုပ်ရမည်ကိုအာဗြံအား ပြသခဲ့သည်။

အာဗြံသည် လောတအား နေရန်မြေနေရာကိုရွေးပါ၊"သင်သည် ဘယ်ဘက်သို့ သွားလျှင် ငါသည် ညာဘက်သို့ သွားမည်။ သင် သည်ညာဘက်သို့ သွားလျှင် ငါ ဘယ်ဘက်သို့ သွားမည်" (ကမ္ဘာဦး ၁၃:၉) ဟုဆိုခဲ့သည်။ လောတသည် ဦးစွာ ရွေးချယ်ခွင့်ရခဲ့သည်။ ဦးလေးအာဗြံ၏ အတ္တမပါသောစိတ်ထားသည် အံ့ဩဖွယ်ကောင်းလှသည်။ လောတအား လိုချင်သောမြေကိုရွေးချယ်ခွင့်ပြုသည့်အခါ ဦးလေး အာဗြံသည် အတ္တမပါသောစိတ်ဖြင့် ပြုမူခဲ့သည်။ အမှန်တွင်လောတသည် ဦးလေး အား ဦးစွာရွေးချယ်ခွင့်ပေးသင့်သည်။ အာဗြံသည် အသက်ကြီးပြီး သူ၏တူအား အလွန်ကြင်နာခဲ့သည်။ သို့သော် လောတသည် ထိုအကြောင်းကို မစဉ်းစားခဲ့ပေ။ သူသည် လောဘတကြီးနှင့် ရွေးချယ်မှုပြုလုပ်ခဲ့သည်။လောတသည် စိမ်းလန်းသော ဂျော်ဒန်မြစ်ဝှမ်းကို ကြည့်ရှုခဲ့သည်။ ထိုနေရာတွင် သူ၏သိုးအုပ်များဝဖြိုးလာရန် စားကျက်ကောင်းမည်ဟု သူထင်မြင်ခဲ့သည်။ သူသည် သူ၏တိရစ္ဆာန်များနှင့် ကုန်

ပစ္စည်းများကို ရောင်းချနိုင်သော စည်ကားသည့်မြို့များအကြောင်း စဉ်းစားခဲ့ သည်။ ထို့နောက်သူသည် ချမ်းသာသောသူဖြစ်လာမည်။

အာဗြံ၏ အတ္တမပါသောစိတ်ထားကို အတ္တဖြင့် တုံ့ပြန်ကာ လောတသည် သူ၏ အိမ်ထောင်စုနှင့်အတူ ဂျော်ဒန်မြစ်ဝှမ်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ အာဗြံသည် ဝမ်းနည်းစွာဖြင့် နှုတ်ဆက်ခဲ့သည်။ သူသည် လောတအား လွမ်းဆွတ်နေမည်ဖြစ်သည်။ သို့သော် လောတအား ဦးစားပေးပြီး ရွေးချယ်ခွင့်ပေးခဲ့သည်ကို သိသောကြောင့် စိတ်ချမ်းသာမှုကိုလည်း ခံစားရသည်။ဘုရားသခင်နှင့်အတူရှိသော နေရာသည် နေထိုင်ရန်အကောင်းဆုံးနေရာဖြစ်သည်ကိုအာဗြံသိသည်။ဘုရားသခင်သည် အာဗြံ၏ အတ္တမပါသောစိတ်နှလုံးကို နှစ်သက်တော်မူသည်။ ဘုရားသခင်က အာဗြံအား မည်သို့ပြောခဲ့သနည်း။ ကမ္ဘာဦး ၁၃:၁၄, ၁၅ ကိုဖတ်ပါ။ (သူမြင်ရသော မြေတစ်ပြင်လုံးကို ပေးမည်။)ထို့နောက် ဘုရားသခင်သည်အာဗြံအား ကတိထားတော်မူခဲ့သောသားမြေးများတိုးပွားမည့် အကြောင်းသတိရစေတော်မူသည် ညအချိန်ကောင်းကင်ရှိကြယ်များကဲ့သို့ များပြားလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။ ယခုအခါ ဘုရားသခင်က အာဗြံ၏သားမြေးများသည် မည်သို့ဖြစ်လာမည်ဟု မိန့်တော်မူသနည်း။ ကမ္ဘာဦး ၁၃:၁၆ ကိုဖတ်ပါ။ (မြေမှုန့် - ရေတွက်မကုန်နိုင်သော။) အာဗြံ၏ သစ္စာရှိမှုကြောင့်လူများစွာသည် ဘုရားသခင်အားသိရှိလာကာ ချစ်ခြင်းမေတ္တာထားကြလိမ့်မည်။အာ

ဗြံသည် သူ၏သားမြေးများသည် ညအချိန်ကောင်းကင်ရှိကြယ်များကဲ့သို့ အတ္တမပါစွာဖြင့် ဘုရားသခင်အတွက် တောက်ပလိမ့်မည်ဟု သိရှိခဲ့သည်။ နေရောင်ခြည်တွင် ကျက်စားသောမြေမှုန့်များကဲ့သို့ သူတို့၏ဘဝများသည် ဘုရားသခင်နှင့်ရှိသော ပျော်ရွှင်ဖွယ်မိတ်ဆွေဖွဲ့မှုသည် မည်သို့ရှိသည်ကို အခြားသူများအား ပြသ

ပေးလိမ့်မည်။ ထို့ကြောင့်အာဗြံသည်ခါနန်ပြည်တွင် အကောင်းဆုံးမြေကို မရရှိသော်လည်း ဘုရားသခင်အား မိတ်ဆွေအဖြစ်ရရှိပြီး ကိုယ်တော်၏ကတိတော်ကို နှလုံးသားထဲဆောင်ယူနိုင်သည်ကို ကျေနပ်ခဲ့သည်။ အခြားသူများအား ဦးစားပေးခြင်း၏ ကောင်းချီးမင်္ဂလာကို သူအမှန်တကယ်သိရှိခဲ့သည်။

**ဆွေးနွေးသုံးသပ်ခြင်း-** အာဗြံသည် အဘယ်ကြောင့် လောတအား လိုချင်သောမြေကိုအတ္တမပါစွာ ရွေးချယ်ခွင့်ပြုနိုင်ခဲ့သနည်း။ (အာဗြံသည်ဘုရားသခင်၏ မိတ်ဆွေဖြစ်ပြီးလောတအား ရွေးချယ်ခွင့်ပြုခြင်းသည် ကောင်းသောအမှုဖြစ်ကြောင်း သိရှိခဲ့သည်။)

• ဤပုံပြင်ထဲတွင် အာဗြံသည် ဘုရားသခင်၏မိတ်ဆွေဖြစ်ကြောင်း သတိရစေသော အခြားအရာများကား အဘယ်နည်း။ (ဆုတောင်းခြင်း၊ လောတနှင့် သူ၏လူများအား ချစ်ခြင်းမေတ္တာထားခြင်းနှင့် စောင့်ရှောက်ခြင်း၊ ယဇ်ပလ္လင်ဆောက်လုပ်ခြင်းနှင့် ဘုရားသခင်အား ကိုးကွယ်ခြင်း)

## ပုံပြင် - အမှိုက်ပုံထဲမှ

အာရုံစိုက်ရန် - ဘုရားသခင်သည် ကျွန်ုပ်တို့အား စောင့်ရှောက်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း တစ်ဦးကိုတစ်ဦး အတ္တမပါစွာ စောင့်ရှောက်နိုင်သည်။

**တည်နေရာ** - ကလေးအား သင်၏ကမ္ဘာလုံးသို့မဟုတ် ကမ္ဘာမြေပုံပေါ်တွင် ဟေတီနိုင်ငံကို ရှာဖွေပြပါ။ Sebastienနှင့်သူ၏အဖွားသည် အိမ်နီးချင်းမိတ်ဆွေ အိမ်သို့ သွားရောက်လည်ပတ်နေစဉ်လျင်ကြီးတုန်လှုပ်ခဲ့သည်။ နံရံများပြိုကျပြီး အပေါ်ထပ်ကြမ်းပြင်များ ပြိုကျခဲ့သည်။Sebastien ၏အဒေါ်သည် Sebastien၏အဖွား အိမ်သို့အမြန်ပြေးသွားခဲ့သည်။ အမှိုက်ပုံကြီးကဲ့သို့ကျန်ရစ်ခဲ့သည်။ အတွင်းရှိလူများ အ

သက်မရှင်ဟုတစ်စုံတစ်ဦးကပြောခဲ့သည်။ သူမသည် မိခင်နှင့်တူ Sebastien အတွက်ငိုကြွေးခဲ့သည်။

လျှောင်လှုပ်ပြီးနောက်တစ်ရက်တွင် အိမ်နီးချင်းတစ်ဦးသည် အိမ်နားမှဖြတ်သွားနေစဉ် အမှိုက်ပုံထဲမှ အသံတစ်သံကိုကြားခဲ့သည်။ သူသည်ရပ်လိုက်ပြီး နားထောင်ခဲ့သည်။ ကျောက်တုံးနှင့်ကွန်ကရစ်အစိုင်အခဲများအောက်မှ တစ်စုံတစ်ဦး အသက်ရှင်နေသည်။ Sebastien ဖြစ်နေသည်။ ထိုလူသည် ကောင်လေးအား ခေါ်ကာ ထိခိုက်ဒဏ်ရာရှိမရှိ မေးမြန်းခဲ့သည်။"ကျွန်တော့်ခြေထောက်က ကျောက်တုံးတွေအောက်မှာ ညပ်နေတယ်၊ မဆွဲထုတ်နိုင်ဘူး" ဟု Sebastien ကပြောသည်။ "နာနေတယ်။" "သည်းခံပါ!" "မင်းကိုငါတို့ ဆွဲထုတ်မယ်။"မကြာမီ လူအများအပြားသည် ကောင်လေးဆီရောက်ရန် လက်ဖြင့် အမှိုက်များကို ရှင်းလင်းနေကြသည်။ သို့သော် နှေးကွေးနေသည်။Sebastien၏အဒေါ်သည်သူ၏တူငယ်သည်အမှိုက်ပုံထဲတွင်အသက်ရှင်နေသည်ကိုသိရှိသောအခါ သူ့အတွက် အစားအစာနှင့်ရေကိုယူဆောင်ကာ ချက်ချင်းပြေးသွားခဲ့သည်။

လူများသည် Sebastien အတွက်အလွန်ဂရုစိုက်လုပ်ဆောင်ခဲ့ကြသည်။ လျှောင်လှုပ်ပြီးနောက် ဒုတိယနေ့ နေဝင်ချိန်တွင် လူများသည် တူးဖော်ခြင်းကိုရပ်တန့်ခဲ့ရသည်။ ကျောက်ပုံများကြားတွင်Sebastienသည် ညအချိန်သူတစ်ယောက်တည်းမဖြစ်စေရန်ညအချိန်တွင် သူ့အနားတစ်စုံတစ်ယောက်နေပေးရန် တောင်းဆိုခဲ့သည့်အတွက်နောက်နေ့မွန်းစောစောတွင် လူများသည်ထပ်မံတူးဖော်ခဲ့ကြသည်။ လူတစ်ဦးသည် ကောင်လေးညပ်နေသောနေရာသို့သေးငယ်သောအပေါက်မှတစ်ဆင့်ဝင်ရောက်ကာ သူ့အားလွတ်မြောက်စေရန် ကြိုးစားခဲ့သည်။ နာရီပေါင်းများစွာ အကြာတွင် သူသည် Sebastien ကိုပွေ့ချီကာ အပျက်အစီးများထဲမှ ထွက်လာခဲ့ သည်။

ဟောတီ Adventist ဆေးရုံတွင် ဆရာဝန်များက သူ၏ခြေထောက်သည် အလွန်ပြင်းထန်စွာထိခိုက်မိပြီး အသက်ကယ်ရန် ဖြတ်တောက်ရမည်ဟုဆိုခဲ့သည်။ ဆရာဝန်များနှင့် သူနာပြုများသည် Sebastienအား စောင့်ရှောက်ခဲ့ကြသည်။ သူ့အားခြေထောက်အတုနှင့် ပြလမ်းလျှောက်နည်းကို သင်ကြားပေးခဲ့သည်။ Sebastienသည် သူ့ကိုချစ်သောမိသားစုနှင့်သူ့အားကူညီလိုသော မိတ်ဆွေများစွာရှိကြောင်းသိရှိခဲ့သည်။ သူကြီးပြင်းလာသောအခါ လူများစွာသည် သူ့အားအတ္တမပါစွာ စောင့်ရှောက်ခဲ့သည့်နည်းတူ သူသည်လည်း အခြားသူများအား စောင့်ရှောက်နိုင်ရန် ဆရာဝန်ဖြစ်လိုကြောင်းသိရှိခဲ့သည်။ ဤပုံပြင်ထဲတွင် မည်သူများသည် အတ္တမပါသော စောင့်ရှောက်မှုကို ပြသခဲ့သနည်း။ ဤပုံပြင်ထဲတွင် ဘုရားသခင်သည် မည်သို့ လမ်းပြကာကွယ်ပေးခဲ့သနည်း။

## အပတ်စဉ် ၁၂

## အာမြဲ လောတ်ကို ကယ်တင်ခြင်း

**အဓိက သင်ခန်းစာ -**

ဘုရားသခင်၏ အကူအညီဖြင့် ကျွန်ုပ်သည် ပညာရှိသောရွေးချယ်မှုများ ပြုလုပ်နိုင်ပြီး အခြားသူများအတွက် ကောင်းချီးတစ်ပါး ဖြစ်စေနိုင်သည်။

**ဤအပတ်၏အဓိကစကားလုံး**

**ပညာရှိ** - အတွေ့အကြုံများနှင့် အမှန်တရား၊ အမှားအမှန်ကို သိရှိနားလည်ခြင်းပေါ် အခြေခံ၍ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်သော အရည်အသွေး၊ ဤပုံပြင်ကို မျှဝေရန် ပြင်ဆင်စဉ် အပြည့်အစုံဇာတ်လမ်းအတွက်ကလေးတန်းဉပုယ်စာဖြေစာအုပ်ကိုဖတ်ပါ။ ကလေးများ၏ စိတ်ဝင်စားမှုအများဆုံးရရန် ဇာတ်လမ်းကို ကလေးများထံ တိုက်ရိုက်မဖတ်ပါနှင့်။ ဘုရားသခင်အား ယနေ့ကျမ်းစာကို လူတိုင်းနားလည်နိုင်ရန် ကူညီပေးရန် တောင်းလျှောက်ပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျမ်းစာကိုမဖတ်မီ ဘုရားသခင်၏အသက်ရှင်သောနှုတ်ကပတ်တော်မှ သွန်သင်ချက်ရယူရန် ဆုတောင်းခြင်း၏ အရေးပါမှုကို သင် သရုပ်ပြနိုင်မည်ဖြစ်သည်။

## ပုံပြင်ကိုပြောပြပါ

အာဗြံနှင့်သူ၏အိမ်ထောင်စုသည်ဘုရားသခင်ကိုချစ်မြတ်နိုးပြီးတောင်ကုန်းများပေါ်တွင်ငြိမ်းချမ်းစွာနေထိုင်ခဲ့ကြသည်။ထိုအတောအတွင်းလောတသည်သောဒုံမြို့အနီးတွင်ရွက်ဖျင်တဲများဖြင့်နေထိုင်သည်။သူသည်အပြစ်နှင့်ပြည့်နှက်နေသောထိုမြို့နှင့်ထိုမြို့တွင်နေထိုင်သော ဆိုးယုတ်သည့်သူများတို့အလည်တွင် နေထိုင်ရန်နေသားကျသွားခဲ့သည်။သောဒုံမြို့သည်စိတ်လှုပ်ရှားဖွယ်နေရာဖြစ်လိမ့်မည်၊ထိုနေရာတွင်ရှိသောလူများသည်ထင်သလောက် ဆိုးယုတ်ခြင်းမရှိပါ။ သူတို့၏ရုပ်တုကိုမကိုးကွယ်လျှင်ပြီးရောဟုစဉ်းစားကာအဆုံးတွင်လောတသည်ဆိုးယုတ်သောသောဒုံမြို့ထဲသို့ ပြောင်းရွှေ့ရန် ပညာမဲ့သည့်ရွေးချယ်မှုတစ်ခုကို ပြုလုပ်ခဲ့သည်။ တစ်နေ့သောအခါ စစ်ဖြစ်မည့်တံပိုးမှုတ်သံများသည်သောဒုံမြို့တစ်လျှောက်မြည်ခဲ့သည်။ "စစ်ပွဲအတွက် အသင့်ပြင်ကြ။

စစ်ပွဲအတွက် အသင့်ပြင်ကြ"ဟု ကြွေးကြော်ခဲ့ကြသည်။ ဘုရင်ကြီးလေးပါးသည် သောဒုံနှင့် အနီးအနားရှိ နိုင်ငံငါးခုအပေါ် သူတို့ပုန်ကန်ခဲ့သည့်အတွက်

စစ်ကြေညာခဲ့ကြသည်။ ဘုရင်လေးပါးသည် ဘုရင်ငါးပါးကို စစ်ချေမှုန်းခဲ့သည်။ သို့သော် ဘုရင်ငါးပါး၏တပ်များ ရှုံးနိမ့်ခဲ့သည်။ သူတို့သည် လက်နက်များကို ပစ်ချပြီး အသက်လုကာထွက်ပြေးကာ ပုန်းအောင်းခဲ့ကြသည်။ ရန်သူများသည် သောဒုံထဲသို့ ဝင်ရောက်ပြီး လောတနှင့်သူ၏မိသားစုအပါအဝင်လူများစွာကို အကျဉ်းသားများအဖြစ်ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဥစ္စာပစ္စည်းများကိုလည်း ယူသွားခဲ့ကြသည်။ သနားစရာကောင်းသောလောတ၊ သူသည် ပညာရှိသောရွေးချယ်မှုများ မပြုလုပ်ခဲ့ပါ။ ယခုသူသည် ဒုက္ခအမှန်တွေ့နေရသည်။ စစ်ပွဲမှလွတ်မြောက်လာသူတစ်ဦးသည် ဤဆိုးယုတ်သောသတင်းကို အာဗြံထံပြောပြရန် တောင်ကုန်းများဆီသို့ပြေးခဲ့သည်။ အာဗြံသည်လောတကို ကယ်တင်ရမည်ဟုချက်ချင်းဆုံးဖြတ်ခဲ့သည်။ လောတ၏ပညာမဲ့သည့်ရွေးချယ်မှုများအတွက်အပြစ်မတင်ခဲ့ပါ။ အာဗြံသည် ဦးစွာဆုတောင်းခဲ့ပြီး နောက် သူဘာလုပ်ခဲ့သနည်း။ ကမ္ဘာဦးကျမ်း ၁၄:၁၄ ကိုဖတ်ပါ။ (လောတကိုကယ်တင်ရန် သူ၏လေ့ကျင့်ထားသောသူ ၃၁၈ ယောက်နှင့်အတူ ရန်သူတပ်နောက်သို့လိုက်ခဲ့ကြသည်။ လောတကိုဖမ်းဆီးသူများသည် သူတို့ထက် အများကြီးပိုများသော်လည်း အာဗြံ၏လူများသည်ဘုရားသခင် သူတို့ဘက်တွင်ရှိသည်ကိုသိသောကြောင့်မကြောက်ရွံ့ကြပါ။

## ဤနေရာတွင်အရေးကြီးသောသတင်းကို စဉ်းစားရန်

• လောတအတွက် သောဒုံထဲသို့ပြောင်းရွှေ့ရန် ဘာကြောင့်အလွယ်တကူဖြစ်စေခဲ့သနည်း။ (သူသည် သောဒုံအနီးသို့ ပြောင်းရွှေ့ရန် ကြိုတင်ရွေးချယ် ထားပြီးဖြစ်သဖြင့်အပြစ်နှင့်ပြည့်နှက်နေသောမြို့တွင်နေထိုင်ခြင်းသည်သူ့အတွက်ပုံမှန်ဖြစ်လာသည်။သူသည်အပြစ်ကိုအသုံးပြုမိသွားပြီးကောင်းမကောင်းကိုပညာရှိစွာမပိုင်းခြားနိုင်တော့ပေ။)

**သဘာဝသင်ခန်းစာ**၊ ဤအချက်ကိုသရုပ်ဖော်ရန် ပန်းကန်လုံးများကို ရေခဲရေနှင့် ရေခဲတုံးများဖြင့် ဖြည့်ပါ။ ကလေးများအား သူတို့၏လက်ကို ရေထဲတွင်ထားရန် ပြောပါ။

• ဘယ်လိုခံစားရသနည်း။ (အလွန်အေး)

• သင့်လက်ကို ရေထဲတွင်ဆက်ထားလျှင် ဘာဖြစ်သွားသနည်း။ (သင့်လက်သည် အေးခြင်းကိုခံစားရပ်သွားသည်။ ယင်းကိုအသုံးပြုမိသွားသည်။)

• ဤအချက်သည် ကျွန်ုပ်တို့ ဆက်လက်ပညာမဲ့သည့်ရွေးချယ်မှုများပြုလုပ်ပါက ဖြစ်လာမည့်အရာကို မည်သို့သတိပေးသနည်း။ (ပညာမဲ့သည့်ရွေးချယ်မှုတစ်ခုသည် အခြားတစ်ခု၊ နောက်ထပ်တစ်ခုဆီသို့ ဦးတည်သွားနိုင်ပြီး မှားယွင်းသောအရာသည် မှားယွင်းသည်ဟုမြင်တော့မည်မဟုတ်ပေ။ ဤသို့ကဲ့ပင် လောတဖြစ်ခဲ့သည်။ ပုံပြင်ကိုဆက်လက်ပြောကြပါစို့။

အာဗြံနှင့် သူ၏တပ်ငယ်သည် ညဥ့်အခါရန်သူစခန်းသို့ တိတ်တဆိတ်ချဉ်းကပ်ခဲ့ကြသည်။ ရန်သူတပ်များသည် သူတို့၏အောင်ပွဲကို ပါတီပွဲဖြင့် ကျင်းပနေကြသည်။ တစ်မိနစ်မျှမနေဘဲ အာဗြံနှင့်သူ၏လူများသည် ရုတ်တရက်တိုက်ခိုက်မှုပြုလုပ်ခဲ့ကြသည်။ ရန်သူများသည် အသက်လုထွက်ပြေးကြသည်။ ရန်သူများကို နှင်ထုတ်ပြီးနောက် အာဗြံနှင့်သူ၏လူများသည် အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြသည်။ ထို့နောက်သူတို့သည် သိမ်းယူခံရသောပစ္စည်းများနှင့် ဘဏ္ဍာတော်များအားလုံးနှင့်အတူ သောဒုံသို့ပြန်လာခဲ့ကြသည်။ လောတနှင့် သူ၏မိသားစုသည် လွတ်မြောက်ခဲ့ကြသည်။

မကြာမီရှာလင်မြို့၏ယဇ်ပုရောဟိတ်နှင့်ဘုရင် မေလခိဇေက်ဒက်သည် အာဗြံကိုကြိုဆိုရန် အလျင်အမြန်လာရောက်ခဲ့သည်။ သူသည်ဘုရားသခင်၏ သစ္စာရှိမိတ်ဆွေဖြစ်ပြီး စစ်ပွဲတွင်မပါဝင်ခဲ့ပါ။ သူ့တွင်အာဗြံအားပေးရန် အထူး ကောင်းချီးမင်္ဂလာတစ်ခုရှိသည်။အမြင့်ဆုံးသောဘုရားသခင်၏ကောင်းကြီးမင်္ဂလာ သည် အာဗြံအပေါ်၌ရှိပါစေ။ သင်၏ရန်သူများကို သင်၏လက်ထဲသို့ အပ်နှံတော်မူ သောကြောင့်ဖြစ်၏။ (ကမ္ဘာဦးကျမ်း ၁၄:၁၉, ၂၀)။ဟုဆိုခဲ့သည်။ ကျေးဇူးတင်သော စိတ်ဖြင့် အာဗြံသည် ယဇ်ပုရောဟိတ် မေလခိဇေက်ဒက်အား သူပြန်လည်ရရှိခဲ့သော ပစ္စည်းများအားလုံး၏ ဆယ်ပုံတစ်ပုံကို ပေးဆက်ခဲ့သည်။ ကျမ်းစာက ဤဆယ်ပုံ တစ်ပုံကို ဆယ်ဖို့ဟုခေါ်သည်။ ယင်းသည်ဘုရားသခင်ထံဆက်သသော လက်ဆောင် ဖြစ်သည်။ ကျမ်းစာထဲတွင်ရှေးခေတ်ကတည်း လူများသည် အစားအစာ၊ တိရစ္ဆာန် များ သို့မဟုတ် ကုန်ပစ္စည်းများ၏ဆယ်ဖို့တစ်ဖို့ကို ဆက်သကြသည်။ ယနေ့ခေတ် တွင်ကျွန်ုပ်တို့သည်ရရှိသောငွေ၏ဆယ်ပုံတစ်ပုံကိုဆက်သကြသည်။ ထိုသို့ပြုခြင်း သည်ဘုရားသခင်သည်ကျွန်ုပ်တို့အားသူပေးတော်မူသမျှသောကောင်းကြီးများအတွ က် "ကျေးဇူးတင်ပါ၏" ဟူ၍ ကျွန်ုပ်တို့ပြောနေခြင်းကို သိတော်မူသည်။

သောဒုံဘုရင်သည်သူ၏လူများ ဘေးကင်းလုံခြုံစွာပြန်ရသည်ကို မြင်ရ သောအခါ အလွန်ပျော်ရွှင်ခဲ့သည်။ အာဗြံအားသူရဲကောင်းတစ်ဦးအဖြစ် ကြိုဆို ခံခဲ့၍ ဤပစ္စည်းများအားလုံးကိုသင်ယူထားနိုင်သည်။ ဖမ်းဆီးခံခဲ့ရသောငါ၏ လူများကိုသာငါ့အားပြန်ပေးပါ"(ကမ္ဘာဦးကျမ်း၁၄:၂၁,ICB)ဟုအာဗြံအားပြောခဲ့သည်။ အာဗြံကကမ္ဘာဦးကျမ်း ၁၄:၂၂,၂၃ကိုဖတ်ပါ။ (ကျွန်ုပ်ဘာမျှမယူပါ။)ဟုအာဗြံ၏ အ ဖြေသည် ပညာရှိသောအဖြေဖြစ်သည်။ လူအများစုသည် ဘုရင်ကြီး၏ကြီးကျယ် သော ကမ်းလှမ်းချက်ကို လက်ခံပြီး အလွန်ချမ်းသာသွားကြလိမ့်မည်။ သို့သော်

အာဖြသည် ဘုရင်နှင့် အကျဉ်းသားများအား ဘုရားသခင်သည် မည်သို့သော သူဖြစ်ကြောင်း ပြသရန် စိတ်ဝင်စားမှုပိုမိုရှိခဲ့သည်။

**အာရုံစိုက်ရန်** - မှားယွင်းသောရွေးချယ်မှုတစ်ခုသည် အခြားတစ်ခု၊ နောက်ထပ်တစ်ခုဆီသို့ ဦးတည်သွားနိုင်ပြီး အရာရာ၏ကောင်းမကောင်းကို မခွဲခြားနိုင်တော့သည် အထိဖြစ်နိုင်သည်။

**• ဖားခုန်သည်ကို ကြားဖူးပါသလား။**

• ပညာရှိသောရွေးချယ်မှုများပြုလုပ်ခြင်းအကြောင်း ဖားများက ကျွန်ုပ်တို့အားမည်သို့သင်ကြားပေးနိုင်သည်ကို ကြည့်ကြပါစို့။ (ပုံပြပါ။)

ကမ္ဘာပေါ်တွင် ဖားမျိုးပေါင်း ၆,၀၀၀ ကျော်ရှိပြီး အသစ်များကိုလည်း ရှာဖွေတွေ့ရှိနေဆဲဖြစ်သည်။ ဖားများသည် ကုန်းနေ ရေနေသတ္တဝါများဖြစ်ကြပြီး ကုန်းပေါ်နှင့် ရေထဲတွင်နေထိုင်နိုင်သည်။ ဖားများသည် အရွယ်အစားအမျိုးမျိုး ရှိကြပြီး အန္တာတိကတိုက်မှလွဲ၍ ကမ္ဘာအနှံ့တွေ့ရှိနိုင်သည်။အသေးဆုံးဖားများမှာ ကျူဘားဖားများဖြစ်သည်။ ၎င်းတို့သည် ၂-၅.၅ လက်မ (၅-၁၂.၇ မီလီမီတာ) ရှည်ပြီး ၂ အောင်စ (၅၆ ဂရမ်) သာလေးသည်။ အကြီးဆုံးဖားများမှာ အနောက်အာဖရိက ဂိုလီယပ်ဖားများဖြစ်သည်။ဂိုလီယပ်ဖားတစ်ကောင်သည် ၁၄ လက်မ (၃၅ စင်တီမီတာ) အထိရှည်ပြီး ၇ ပေါင် (၃ ကီလိုဂရမ်ကျော်) အထိလေးနိုင်သည်။ ထိုရောမဖားသည် ၎င်း၏အမည်ကိုမည်သို့ရခဲ့သည်ကိုမှန်းဆကြည့်ပါ။ ဖားများသည်၎င်းတို့၏ ဖောင်းကြွလျက်ရှိသောမျက်လုံးများ၊စေးကပ်သောအရေပြား၊ကျယ်လောင်စွာအော်သံနှင့် အထူးသဖြင့် ခုန်ခြင်းတို့ကြောင့် ကျော်ကြားသည်။

ချွန်ထက်သောနှာခေါင်းရှိဖားသည် ၎င်း၏ကိုယ်အလျားထက် ၆၀ဆ ကျော် ခုန်နိုင်သည်။ ဆိုလိုသည်မှာ သင်သည် ၄ ပေ ၂ လက်မ (၁၂၈ စင်တီမီတာ) ခန့်ရှိပြီး ဖားခုန်နိုင်စွမ်းရှိပါက ၂,၅၂၀ ပေ (၇၆၈ မီတာ) ခန့်ခုန်နိုင်မည်ဖြစ်သည်။ သင်သည် ရှည်လျားသောခုန်နိုင်သည့် ကမ္ဘာ့ချန်ပီယံအမှန်ပင်ဖြစ်လိမ့်မည်။ဖားများသည် ထို ကဲ့သို့အံ့ဩဖွယ်ခုန်နိုင်သူများဖြစ်သော်လည်း ၎င်းတို့သည် အန္တရာယ်မှ အမြဲတမ်းခုန် ထွက်ကြမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် လုံခြုံသည်ဟု ထင်မှတ်ကာ လှည့်စားခံရနိုင်သောကြောင့်ဖြစ်သည်။ ဖားသည် အေးသောရေအိုး ထဲတွင် အဆင်ပြေနေပါကအပူချိန်ကို ဖြည်းဖြည်းချင်းတိုးမြှင့်နိုင်သည်၊ ဖားသည် သတိမပြုမိပါ။ ရေသည် ရေနွေးငွေ့များထွက်လာသော်လည်း ဖားသည် ခုန်ထွက် မည်မဟုတ်ပါ။ ၎င်းသည် အန္တရာယ်ကို အသုံးပြုမိသွားသောကြောင့် သေသည်အထိ ရေထဲတွင်ဆက်နေလိမ့်မည်။

•ကျွန်ုပ်တို့သည်ဆက်တိုက်မှားယွင်းသောရွေးချယ်မှုများပြုလုပ်ပါကဖားများကဲ့သို့ ကျွန်ုပ်တို့ဖြစ်ပျက်နိုင်သည်ကို မည်သို့သတိပေးသနည်း။

--၀၀--

## အပတ်စဉ် ၁၃

## ကတိတော်ရှိသောကလေး

**အဓိက သင်ခန်းစာ -**

ဘုရားသခင်၏ ကတိတော်များ ပြည့်စုံခြင်းသို့ ကျွန်ုပ်သည်စိတ်ရှည်စွာ စောင့်မျှော် နိုင်သည်။အကြောင်းမှာ ဘုရားသခင်သည် သစ္စာရှိတော်မူသောကြောင့် ဖြစ်သည်။

## ဤအပတ်စဉ်စကားလုံး

**ပြည့်စုံသည်** -မျှော်လင့်ထားသော သို့မဟုတ် ကတိပြုထားသည့်အရာကို လုပ်ဆောင်ခြင်း။

ဤသင်ခန်းစာကို မျှဝေရန် ပြင်ဆင်ချိန်တွင် အပြည့်အစုံဇာတ်လမ်းအတွက် ကလေးတန်းဥပုသ်စာဖြေကို ဖတ်ရှုပါ။ ကလေးများ၏ စိတ်ဝင်စားမှု အများဆုံး ရရှိရန် ဇာတ်လမ်းကို ကလေးများထံ တိုက်ရိုက်မဖတ်ပြပါနှင့်။

## ပုံပြင်ကိုပြောပါ

အချိန်သည် ဖြည်းညှင်းစွာ ကုန်လွန်ခဲ့သည်... ဘုရားသခင်သည် အာဗြံနှင့် စာရဲအား မိုးကောင်းကင်ရှိ ကြယ်များကဲ့သို့ (ကြယ်မိုဘိုင်း) များပြားသော သားစဉ်မြေးဆက်များ ပေးမည်ဟု ကတိတော်ပြုခဲ့သော်လည်း သူတို့သည် မိမိတို့၏ ကိုယ်ပိုင်ကလေးကို ပွေ့ဖက်ရန် ဆက်လက်စောင့်မျှော်နေဆဲဖြစ်သည်။ ဘုရားသခင်၏ ကတိတော်သည် အလွန်အရေးကြီးသဖြင့် ထပ်မံမျှဝေခဲ့သည်။ ဘုရားသခင်သည် အာဗြံအား အခြားဘာပြောခဲ့သနည်း။ ကမ္ဘာဦးကျမ်း ၁၇:၅ ကိုဖတ်ပါ။ (သူ၏ အမည်ကို အာဗြံမှ အာဗြဟံဟု ပြောင်းလဲခဲ့သည်။)အာဗြဟံဆိုသည်မှာ "လူအများအပြား၏ဖခင်" ဟုအဓိပ္ပာယ်ရသဖြင့် ဤအမည်သစ်သည် ဘုရားသခင်၏ ကတိတော်အတွက် နောက်ထပ်သတိရစရာတစ်ခုဖြစ်လာခဲ့သည်။ ဘုရားသခင်သည် စာရဲ၏အမည်ကို စာရာဟု ပြောင်းလဲခဲ့သည်။ ဆိုလိုသည်မှာ "မင်းသမီး" ဖြစ်သည်။

တစ်နေ့တွင် အာဗြဟံသည် သူ၏တဲတော်၏ဖွင့်လှစ်ထားသော တံခါးဝမှ အပြင်သို့ကြည့်လိုက်ရာ ခရီးသွားသူစိမ်းသုံးဦးကိုမြင်တွေ့ခဲ့သည်။ သူသည် သူတို့ကို ကြိုဆိုရန် အပြင်သို့အမြန်ထွက်သွားခဲ့သည်။ "အရှင်၏ကျေးကျွန်ဖြစ်သော အ

ကျွန်ုပ်နှင့် အတူခဏတဖြုတ်နေတော်မူပါ။ ရေအနည်းငယ်ယူ၍ အရှင်တို့အားလုံး ခြေဆေးနိုင်ရန် ပြုပါမည်။ သစ်ပင်အောက်၌ အနားယူတော်မူကြပါ။ အားဖြည့်ရန် မုန့်အနည်းငယ်ကိုသုံးဆောင်ပါ။ ထို့နောက် အရှင်တို့သည် ဆက်လက် ခရီးနှင်နိုင် ပါသည်" (ကမ္ဘာဦးကျမ်း ၁၈:၃-၅၊ ICB)။ဟုဧည့်ဝတ်ပြု၏။ ဧည့်သည်တော်များသည် ဝမ်းမြောက်စွာလက်ခံခဲ့ကြသည်(အစားအစာ၊နှင့်ဖျော်ရည်များပြပါ)။ သူတို့စားနေ စဉ် ခရီးသည်များသည် ရပ်နားပြီး အာဗြဟံအား "သင့်ဇနီး စာရဲသည် အဘယ်မှာ နည်း" (ကမ္ဘာဦးကျမ်း ၁၈:၉) ဟုမေးမြန်းခဲ့ကြသည်။ တဲတော် ဆီသို့ လှည့်ကြည့်ကာ အာဗြဟံက "ဤတဲအတွင်း၌ရှိပါသည်" (ကမ္ဘာဦးကျမ်း ၁၈:၉) ဟုပြန်လည်ဖြေကြား ခဲ့သည်။ ထိုအထဲမှ ယောကျ်ားတစ်ဦးက "ယခုမှစ၍ တစ်နှစ်ကြာသောအခါ ငါသည် အမှန်အကန်ပြန်၍ သင့်ထံရောက်လိမ့်မည်။ ထိုအခါ သင့်ဇနီး စာရဲတွင် သား တစ်ယောက် ဖွားမြင်လိမ့်မည်" (ကမ္ဘာဦးကျမ်း ၁၈:၁၀၊ ICB) ဟုဖြေကြားခဲ့သည်။ အာဗြဟံ၏စိတ်သည် အံ့အားသင့်သွားခဲ့သည်... ဤဧည့်သည်သည် စာရဲ၏အမည် နှင့် သူမသားယောကျ်ားလေးမွေးမည်ကို မည်သို့သိသနည်း။ ရုတ်တရက် သူသိ မှတ်မိခဲ့သည်။ ဤသူသည် ဘုရားသခင်ကိုယ်တိုင်ဖြစ်သည်ဟုအာဗြံသိလိုက်သည်။ ဘုရားသခင်သည် လူသားသဏ္ဌာန်ဖြင့် သတင်းကောင်းကို ကြားပြောရန် ကြွရောက် လာခြင်းဖြစ်သည်။ ဤမျှလောက် သူသည် အာဗြဟံအားချစ်တော်မူသည်။ ကောင်း ကင်ဘုံ၏ဘုရားသခင်နှင့်သူ၏တမန်တော်နှစ်ပါးကိုမြင်ရခြင်းသည်မည်မျှကျေးဇူး ကြီးမားသနည်း။

**ဆွေးနွေးမှု**

•ဘုရားသခင်သည်အာဗြဟံထံကတိတော်ကိုမည်သည့်အတွက်ကြောင့်ထပ်မံမျှဝေခဲ့သနည်း။ (သူ့အားအားပေးရန်။ ဘုရားသခင်သည် သစ္စာရှိပြီး သူ၏ကတိတော်ကိုစောင့်ထိန်းမည်ဖြစ်ကြောင်း သတိရစေရန်။)

•ဘုရားသခင်၏ မည်သည့်ကတိတော်များကို သင်ပြည့်စုံခြင်းရှိရန် စောင့်မျှော်နေပါသနည်း။ (ကလေးများအတွက် ကိုယ်ပိုင်ကတိတော်များ)။ ယေရှုသည် ကျွန်ုပ်တို့ကို ကောင်းကင်နိုင်ငံတော်သို့ ခေါ်ဆောင်ရန် နောက်တစ်ကြိမ်ကြွ လာမည်ဟူသော ကတိတော်ကို ကလေးများနှင့်မျှဝေပါ။ အာဗြဟံအားပေးခဲ့သော ကတိတော်ကို စောင့်ထိန်းတော်မူသကဲ့သို့ ဤကတိတော်ကိုလည်း စောင့်ထိန်းမည်ကို ကျွန်ုပ်တို့ယုံကြည်ကိုးစားနိုင်ပါသည်။

အာဗြဟံနှင့် စာရာတွင် သားယောကျ်ားလေးရှိလိမ့်မည်။ စာရာသည် ဧည့်သည်တော်၏ ကတိစကားကိုကြားလျှင် စိတ်ထဲမှရယ်မောခဲ့သည်။ ထိုစကားသည် မဖြစ်နိုင်ဟု သူမထင်ခဲ့သည်။ အသက် ၉၀ နီးပါးရှိသော အမျိုးသမီးတစ်ဦး မည်သို့ကလေးရနိုင်မည်နည်း။ မဖြစ်နိုင်ပါ။စာရာရယ်မောသည်ကို မည်သူမျှမကြား၊ မည်သူမျှမမြင်သော်လည်း ဘုရားသခင်ကမြင်တော်မူသည်။ စာရာ၏ရယ်မောခြင်းအကြောင်း ဘုရားသခင်က မည်သို့မိန့်တော်မူသနည်း။ ကမ္ဘာဦးကျမ်း ၁၈:၁၃, ၁၄ ကိုဖတ်ပါ။ (အာဗြဟံအား "စာရာသည် အဘယ်ကြောင့်ရယ်သနည်း? ထာဝရဘုရားအတွက် ခဲယဉ်းသောအမှုသည် အဘယ်မှာရှိသနည်း" ဟုမိန့်တော်မူ၏။) ထိုအမှုကိုသိရှိသည့်အတွက် ကြောက်ရွံ့ခြင်းနှင့် စာရာက "ကျွန်မမရယ်ပါ" (ကမ္ဘာဦးကျမ်း ၁၈:၁၅) ဟုလိမ်လည်ပြောဆိုခဲ့သည်။ စာရာသည် ဘုရားသခင်အား သံသယရှိခဲ့သည်။ သူ၏ကတိတော်ကို စောင့်ဆိုင်းရန် အချိန်ကြာမြင့်ခဲ့သည်။ သို့သော် ယခုတွင်

မူ သူမသည် မျှော်လင့်ခြင်းရှိနိုင်ကြောင်း သိရှိခဲ့သည်။ ဘုရားသခင်သည် သူ၏ကတိတော်ကို ပြည့်စုံစေတော်မူမည့်အချိန် နီးကပ်နေပြီ။

တစ်နှစ်အကြာတွင် ကျယ်လောင်သောကလေးလေး၏ငိုသံသည် တိတ်ဆိတ်နေခြင်းကို ချိုးနှိမ်ခဲ့သည်။ ယောကျ်ားကလေးလေးရောက်ရှိလာပြီ။ ဘုရားသခင်သည် သူ၏ကတိတော်ကို ပြည့်စုံစေတော်မူပြီ။ စာရာသည် အသက် ၉၀ အရွယ်၊ အဖွားအရွယ်တွင် အံ့ဖွယ်သောကလေးကို မွေးဖွားခဲ့ပြီး အာဗြဟံမှာ အသက် ၁၀၀နှစ်ရှိပြီဖြစ်သည်။ စာရာသည် သူမ၏ကလေးကိုစောင်ဖြင့်ရစ်ပတ်ပြီး ချစ်ခြင်းဖြင့် ပွေ့ဖက်ထားခဲ့သည်။ ကလေး၏နူးညံ့သော ပါးပြင်လေးကို ပွတ်သပ်ရင်း သူမသည် ပျော်ရွှင်စွာရယ်မောခဲ့သည်။ တစ်နှစ်အကြာတုန်းက စာရာသည်မယုံကြည်ဘဲ ရယ်မောခဲ့သည်။ ယခုတွင်မူ ဝမ်းမြောက်ခြင်းဖြင့် ရယ်မောနေခဲ့သည်။ ဘုရားသခင်သည် ဤကလေးငယ်သည် ပျော်ရွှင်သောရယ်မောခြင်းကို ယူဆောင်လာမည်ကို သိတော်မူမည်မှာ မုချဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့အား သူတို့၏သားကို ဣဇာက် (ရယ်မောခြင်း) ဟူသောအမည်ဖြင့် ခေါ်ရန် မိန့်တော်မူခဲ့သောကြောင့်ဖြစ်သည်။ ဣဇာက်သည် အာဗြဟံ၏များပြားလှသော သားစဉ်မြေးဆက်များ၏ ပထမဆုံးသောသူဖြစ်သည်။ ပထမဆုံးတောက်ပနေသော ကြယ်၊ ပထမဆုံးသော ဖုန်မှုန့်ငယ်လေး (ကြယ်၊ ဖုန်) ဖြစ်သည်။တစ်နေ့သောအခါယေရှုသည် ဤကတိတော်မှထူးခြားသော မိသားစုမှမွေးဖွားလာမည်ဖြစ်သည်။ဘုရားသခင်သည် သူ၏ကတိတော်ကို ပြည့်စုံစေတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်အတွက် မဖြစ်နိုင်သောအရာဟူ၍ မရှိသောကြောင့်တည်း။

## ပုံပြင် - ကလေးအတွက်ဆုတောင်းခြင်း

**အာရုံစိုက်ရန်** - ဘုရားသခင်သည် အာဗြဟံနှင့် စာရာအတွက် အံ့ဖွယ်အမှုပြုတော်မူသကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း အံ့ဖွယ်အမှုပြုရန် နှစ်သက်တော်မူသည်။

**တည်နေရာ** - ကလေးတစ်ဦးအား သင်၏ကမ္ဘာလုံးသို့မဟုတ် ကမ္ဘာမြေပုံပေါ်တွင် အိန္ဒိယနိုင်ငံကို ရှာဖွေရန် ကူညီပါ။

ရုချီသည်အလွန်ဝမ်းနည်းနေခဲ့သည်။သူမသည် အိမ်ထောင်ကျပြီး သုံးနှစ်ကြာသော်လည်း ကလေးမရှိခဲ့ပါ။ သူမနှင့် သူမ၏ခင်ပွန်းသည် ဆရာဝန်များထံသွားရောက်ပြသခဲ့သည်၊ သစ်သားနှင့်ကျောက်ဖြင့်ထုလုပ်ထားသော ရုပ်တုဘုရားများထံ ဆုတောင်းခဲ့သည်၊ သူတို့စဉ်းစားကြံဆနိုင်သမျှ အရာအားလုံးကိုလုပ်ဆောင်ခဲ့ကြသည်။ သို့သော် ဘာမျှမအကျိုးသက်ရောက်ခဲ့ပါ။တစ်နေ့တွင် ရှာကီနာဟုခေါ်သော အမျိုးသမီးတစ်ဦးသည် ရုချီနှင့်အတူနေထိုင်သောသူမ၏မိသားစုထံ လာရောက်လည်ပတ်ခဲ့သည်။ ရုချီသည် ကလေးလိုချင်နေသည်ကို ကြားသိရသောအခါ ရှာကီနာသည်သူမနှင့်စကားပြောခဲ့သည်။"ကျွန်မသည် ယေရှုကိုယုံကြည်ပါသည်" ဟု ရှာကီနာကပြောသည်။ "သင့်အတွက်ဆုတောင်းခွင့်ပြုပါ။ "ဟုတောင်းဆိုသည်။ ရုချီသည် ယေရှုအကြောင်း ယခင်ကတစ်ခါမျှမကြားဖူးသော်လည်း ဝမ်းမြောက်ရွှင်လန်းခဲ့သည်။ ရှာကီနာသည် သူမအား ဒူးထောက်ဆုတောင်းရန် ဖိတ်ခေါ် ခဲ့သည်။ "ကျေးဇူးတော်ရှင်၊ ရုချီကလေးရအောင်မစတော်မူပါ ဟု ရှာကီနာဆုတောင်းခဲ့သည်။

ရှာကီနာသည် ရုချီနှင့်အတူဆုတောင်းရန် တစ်ပတ်ပြီးတစ်ပတ် လာခဲ့သည်။ "သင့်အနေနှင့်လည်း ဆုတောင်းသင့်ပါတယ်" ဟု ရှာကီနာကပြောသည်။ "အာဗြဟံယုံကြည်ခဲ့သကဲ့သို့ သင့်အနေနှင့်လည်း ယေရှုကို ယုံကြည်သင့်ပါတယ်။ "ဟုပြောတဲ့အခါ"အာဗြဟံဆိုတာဘယ်သူလဲ"ဟုရုချီကမေးသည်။ သူမသည်အာဗြဟံ အ

ကြောင်း ယခင်ကတစ်ခါမျှမကြားဖူးခဲ့ပါ။ ရှာကီနာသည် အာဖြဟံနှင့် စာရာတို့သည် ကလေးအတွက် မည်သို့ဆုတောင်းခဲ့ကြောင်း၊ ဘုရားသခင်သည် စာရာအား အသက် ၉၀ အရွယ်တွင် သားယောကျ်ားလေးပေးခဲ့ကြောင်း ဇာတ်လမ်း ကို ပြောပြခဲ့သည်။ ရုချီက သူ့ကိုယ်သူပြောခဲ့သည်၊ "အံ့ဖွယ်ပါပဲ၊ ဘုရားသခင်ဟာ စာရာ အသက်ကြီး ပါလျက် ကလေးပေးနိုင်ခဲ့လျှင် ကျွန်မကိုလည်း ကလေးပေးနိုင် တာပေါ့။ ကျွန်မက ၂၄ နှစ်ပဲရှိသေးတယ်" ဟုပြောခဲ့သည်၊ ရုချီသည် နေ့စဉ် ဆုတောင်းရန်စတင်ခဲ့သည်။ "ယေရှုရှင်၊ ကျေးဇူးပြု၍ ကျွန်မကိုလည်း ကလေးပေး သနားတော်မူပါ"ဟု ဆုတောင်းခဲ့သည်။

တစ်နေ့တွင် ရှာကီနာသည် ဘုရားသခင် သည် ဟန္နအား ရှမွေလဟုခေါ်သော ကလေးကို မည်သို့ပေးတော်မူခဲ့ကြောင်း ဇာတ်လမ်းကိုပြောပြခဲ့သည်။ ရုချီ၏ ယုံကြည်ခြင်းသည် ကြီးထွားလာခဲ့သည်။ သူမသည် ကျမ်းစာကိုဖတ်ရှုရန် စတင်ခဲ့သည်။ ရုချီသည် လေးနှစ်ကြာ ဆက်လက် ဆုတောင်းပြီး ကျမ်းစာဖတ်ရှုခဲ့သည်။ တစ်နေ့တွင် သူမ၏ဝမ်းဗိုက်ထဲ၌ ထူးခြား သော အရာကိုခံစားရသည်။ သူမသည် ချက်ချင်းဆရာဝန်ထံသွားရောက်ပြသခဲ့ပြီး သူမသည် ကိုယ်ဝန်ရှိကြောင်း ကြေညာခဲ့သည်။ ရုချီသည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ဘုရားသခင်အား ကျေးဇူးတင်ခဲ့ပြီး ရှာကီနာထံသတင်းကိုပြောပြရန် ဖုန်းဆက်ခဲ့သည်။ရုချီသည် ကက်ရှ်ဟုခေါ်သော သမီးကလေးတစ်ဦးကို မွေးဖွားခဲ့သည်။ တစ်နှစ်အကြာတွင် နောက်ထပ်ကလေး တစ်ဦးရရှိခဲ့သည်။ ယခုအခါ ရုချီသည် သူမ၏ကလေးနှစ်ဦးကို ဥပုသ်နေ့တိုင်း ဝတ်ပြုရာကျောင်းသို့ ပျော်ရွှင်စွာခေါ်ဆောင်သွားလေ့ရှိသည်။ "ယေရှုသည် ဤကမ္ဘာပေါ် ရှိ အခြားမည်သည့်အရာထက်မဆို ပိုမိုတန်ခိုးတော်ရှိပါသည်" ဟု သူမက ပြောသည်။ ဤပုံပြင်တွင် ဘုရားသခင်သည် မဖြစ်နိုင်သောအရာကို ပြုနိုင်တော်မူကြောင်း သင့်အား မည်သို့ယုံကြည်စေသနည်း။